မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၇ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရာဇီးလ်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၁၀ ခုနှစ် စက်တင်ဘာ ၇ရက်တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စတာ လူးဝစ် အင်နာစီယို လူလာဒါဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ မြန်မာ့အလင်းခေတ်မီစာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၁၀ ခုနှစ် စက်တင်ဘာ ၇ရက်တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆယ်လ်ဆို လူးဝစ် နျူးနက်စ် အာမိုရင်း(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အသိပညာဗဟုသုတတိုးပွားရေး စာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာ စာပေဖတ်ရှုသည့် အလေ့အထစွဲမြဲလာစေရန် ပညာပေးစည်းရုံး

ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးရှင်သန်ရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းသည် စက်တင်ဘာ ၅ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ မြန်မာ့အလင်းခေတ်မီစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေအတွက် အားထားရသည့် ဒီမော့ဆိုမြို့နယ်က တနိလာလဲရေကန်သာ

သတင်းနှင့်ဓာတ်ပုံ
သက်ထက်ကို(ဘော်ဂါမြေ)

ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ခဲ့သော တနိလာလဲရေကန်။

နေပြည်တော် စက်တင်ဘာ ၆

ရေ‥ရေ‥ရေ။

ရေသည် သက်ရှိသတ္တဝါအားလုံးအတွက် မရှိမဖြစ်သော အာဟာရဖြစ်သကဲ့သို့ စိုက်ပျိုးရေးအတွက်လည်း အဓိက လိုအပ်သောအရာဖြစ်သည်။

ဖြန့်ဝေပေး

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင် ကန်ကြီးများ ပေါများသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရန် ရေရရှိရေးအတွက် လယ်မြေများသို့ ဆည်၊ တမံကြီးများ၊ မြစ်ရေတင်စီမံကိန်း၊ ရေအောက်ရေသွယ်မှုလုပ်ငန်းများဖြင့်လည်း ဖြန့်ဝေပေးလျက်ရှိသည်။

စောင့်ရှောက်

ထို့အပြင် လိုအပ်သော လယ်ယာမြေများသို့ ရေရရှိစေရေးနှင့် ပိုလျှံသောရေများ အခြားလိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန် ထိန်းသိမ်းမှုကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ စောင့်ရှောက်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

7-9 (01).pmd 1 9/7/2010, 1:38 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၇ ရက်)

ကျန်းမာသန်စွမ်းသည့် လူငယ်များဖြစ်ရေး လေ့ကျင့်ပြုစုပျိုးထောင်

ယနေ့ မျိုးဆက်သစ်လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို မလွှဲမသွေ ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာကြံ့ခိုင်၍ အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန် လိုအပ်သည်။ သို့မှသာ နိုင်ငံတော်အတွက် အားထားရသူများဖြစ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရန် အမျိုးသားကျန်းမာရေးစီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခတည်းဟူသော ပကတိကျန်းမာရေးအချက်ကြီး သုံးချက်ဖြင့် ပြည့်စုံနေရန် လိုအပ်သည်။ စာသင်ကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းနှင့် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့ပြင် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးနှင့် ကျန်းမာရေးအဆင့်အတန်းတိုးတက်ရန် တီထွင်ကြံဆ လုပ်ဆောင်နေကြရမည်ဖြစ်သည်။ သန့်လေးသန့်ဖြစ်သည့် လက်သန့်၊ ရေသန့်၊ အစားအစာသန့်နှင့် အိမ်သာသန့်တို့ကို အဓိကထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များသည် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် အလေ့အကျင့်ကောင်းများကို သိရှိကြပြီး ယင်းအလေ့အကျင့်ကောင်းများကို လက်တွေ့လိုက်နာကျင့်သုံးသွားကြရန် ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့ လူငယ်များသည် အနာဂတ်နိုင်ငံတော်တွင် ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်ရာ နိုင်ငံတော်အတွက် ကာယ၊ ဉာဏစွမ်းအားများ ပြည့်ဝပြီး ကျန်းမာသန်စွမ်းသူများဖြစ်ရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားကြရမည် ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တောင်ငူမြို့ ကျုံးပတ်လမ်းများ ဖောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် စက်တင်ဘာ ၄ရက်က တောင်ငူမြို့ ဓာတုကလျာပန်းခြံအတွင်း မင်းကြီးညိုရုပ်တုနှင့် ရင်ပြင်ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် လေးကျွန်းမင်္ဂလာကန်တော်ကြီးပတ်လည် ကျုံးပတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိ၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၈-၉-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
- ၇း၀၅ တရားတော် (ဓဇဂ္ဂသုတ်နှင့်ဂုဏ်တော်ကွန်ချာ) ဉပုသ်နေ့နှိုးဆော်ချက် ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၅၀ နဝင်္ဂတရား (ဘဒ္ဒန္တဓမ္မာနန္ဒ)
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ (၅၆) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် တရားတော် (ဘဒ္ဒန္တပညာနန္ဒ)
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ဝေဒနာသံစဉ်ရိုင်းများ)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးထမင်းချဉ်)
- ၁၇း၁၀ Current Song
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၃၅ အင်္ဂလိပ်စာ သုတပဒေသာ (23)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၆)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (နေရောင်ခြည်)
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကံ့ကော်တောမျိုးအောင်)
- ၁၉း၃၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်ဆလတ်ပင်) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ တရားတော်
- ၂၂း၀၀ အစီအစဉ်ပြီး၏။

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ကုန်စုံဆိုင်များ ရောင်းချနေသော ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ မရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဦးဘစော၊ ဈေးတာဝန်ခံ ဦးမောင်မောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ဩဂုတ် ၂၅ရက်က စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပညာပေးဟောပြော

ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ရက်က ကျင်းပရာ တိုက်နယ်ဆရာဝန်ကြီး ဒေါ်ခင်ထွေးမြင့်က ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောစဉ်။ (ပညာရေး)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ရွှေပြည်သာမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဖွင့်လှစ်သည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းကို ဩဂုတ် ၂၉ ရက် နံနက် ၈နာရီက အထက (၁) ရွှေပြည်ရတနာခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်**(အောက်ယာပုံ)**နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်စိုးတို့က အမှာစကားပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးစံမြင့်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ချက်များကို ပို့ချသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးလှအေးက ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသိန်းထွန်းက ဆန္ဒမဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပို့ချသည်။

သရုပ်ပြဆောင်ရွက်

သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြပြီး မဲရုံလုပ်ငန်း သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ မြန်မာ့အလင်းခေတ်မီ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် လာကြသော ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရွေးဦးစွာ ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် စုန်းချောင်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဝန်ကြီးက မြန်မာ့အလင်းခေတ်မီစာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများအနေဖြင့် အသိပညာဗဟုသုတ တိုးပွားရေးအတွက် ကျေးရွာစာကြည့်တိုက်သို့ လာရောက်ကြ၍ စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာကြရန်နှင့် ပြည်သူများ စာပေဖတ်ရှုသည့်အလေ့အထ စွဲမြဲလာစေရန်အတွက် တာဝန်ရှိသူများကလည်း ပညာပေးစည်းရုံးဆောင်ရွက်ကြရန်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မာ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းတင်၊ အဖွဲ့ခွဲဝင် ဦးအောင်ကြည်နှင့် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းဆွေးနွေးပို့ချသည်။အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၂၁၇ရုံမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူး ၄၃၄ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ***(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)***

ထွန်းဖောင်ဒေးရှင်းစာပေဆုရစာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ထွန်းဖောင်ဒေးရှင်းစာမူဆုရ စာအုပ်များကို ထုတ်ဝေဖြန့်ချိလျက်ရှိရာ သမိုင်းဘာသာရပ်တွင် ဌေးဝေ၏ ပျူမြို့ပြယဉ်ကျေးမှုသမိုင်း၊ မောင်နွယ်သန်း၏ မြန်မာ-မဏိပူရစစ်သမိုင်း၊ ဦးလှသိန်း၏ Myanmar and The Europeans (1878-1885)၊ အောင်သန်းထွန်း(မုံရွာ)၏ Kinwun Mingyi and Dhamma- thats၊ ယဉ်ကျေးမှုဘာသာရပ်တွင် ကိုကြီးကျော်၏ ကျပင်းဘုန်းကြီး မေတ္တာစာ၊ မင်းဘူးအောင်ကြိုင်၏ လက်ရာအစုံ နဂါးရုံ၊ အတ္ထုပ္ပတ္တိဘာသာရပ်တွင် မင်းလူမြတ်ထွေး၏ ဦးပဂိုဒို(တိုးတက်ရေးဦးစိန်) သူ့ဘဝ၊ သူ့စာ၊ သူ့တရား၊ လှတိုး (စိတ်ပညာ)၏ ရန်အောင်၏ စာပေခရီးတစ်ခု၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် မောင်မောင်ညွန့် (မန်းတက္ကသိုလ်)၏ မြင်းခြံမြို့ ဆရာကြီးဦးအေးနှင့် တိမ်မြုပ်နေသောသူ့စာပေများ၊ မြမြချို၏ ရှေးဟောင်းမွန်ခေါင်းလောင်းစာမှ လေးနက်ခိုင်မာသည့် စာပေအထောက်အထားများ၊ လူငယ်ဘာသာရပ်တွင် ကိုဇော်ဌေး (ယဉ်ကျေးမှု)၏ ကျန်းမာချမ်းသာပါစေ၊ ကလေးဘာသာရပ်တွင် မင်းချမ်းမွန်၏ စံပယ်တစ်ကိုး ကြယ်တစ်ကိုး ကလေးကဗျာများဖြစ်သည်။

အဆိုပါ စာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ဖြန့်ချိရာဌာနမှာ ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီ အမှတ် ၅၃/၆၁ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၉၆၃၂၅၊ ၂၉၆၂၆၁နှင့် ၇၃၁၀၄၄၈၇ တို့ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

၂၀၀၉ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် ပြိုင်ပွဲဝင်စာအုပ်နှင့် စာမူများကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Today Top Star Co., Ltd.
အလုပ်သမားသင်တန်းကျောင်း(ဘားအံ) ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

Today Top Star Consultancy Group က ကြီးမှူး၍ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁၅၅) ရတနာကျွန်း ဗိုလ်ချုပ်လမ်း၌တည်ရှိသည့် Today Top Star အလုပ်သမားသင်တန်းကျောင်း(ဘားအံ)ဖွင့်ပွဲနှင့် သင်တန်းအပတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။



တက်ရောက်

အခမ်းအနားသို့ ဘားအံမြို့ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ Sea Wealth Co.,Ltd.ဒုတိယဥက္ကဋ္ဌMr.TANASAK KIJPOONGROJANA နှင့် HR မန်နေဂျာများ၊ Golden Gate Resources Co., Ltd. Managing Director Mr. NIPON MANITSIRISUK နှင့် Today Top Star Co., Ltd. မှ တာဝန်ရှိသူများ၊ အလုပ်သမား သင်တန်းကျောင်း (ဘားအံ)မှ တာဝန်ရှိသူနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ Today Top Star မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာဒေါ်ဝါဝါစိန်က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် မန်နေဂျင်းဒါရိုက်တာက တရားမဝင် အလုပ်သမားဘဝ၏ နစ်နာဆုံးရှုံးရမှုများ၊ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ခြင်းဖြင့် ခံစားရရှိနိုင်သော အကျိုးကျေးဇူးများ၊ တရားမဝင် လူကုန်ကူးမှုပုံစံဖြင့် သွားရောက်နေမှုများကို ရှောင်ကြဉ်ပြီး နိုင်ငံတော်အစိုးရက စီစဉ်ပေးနေသည့် ယာယီနိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်၍ လုံခြုံစိတ်ချစွာ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အရေးများ စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းကျောင်းသည် တရားဝင် ပြည်ပထွက်ခွာခွင့် ရရှိသည့် အလုပ်သမားများအား အသက်အာမခံ ထားရှိရန် မြန်မာ့အာမခံလုပ်ငန်း၏ ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖွင့်လှစ်ထား

Today Top Star ကို HR Management အတွက် ၁၉၉၆ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတော်၏ ဖော်ဆောင်မှုအစီအစဉ်များတွင် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉ခုနှစ်တွင် အလုပ်သမားဝန်ကြီးဌာန၌ ပြည်ပသို့ လုပ်သားအများဆုံး စေလွှတ်နိုင်ခဲ့သော ကုမ္ပဏီအဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း၊ Today Top Star Consultancy Group က ပြည်တွင်းပုဂ္ဂလိက ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ဆိုင်ရာ သဘောတရားများကို သင်တန်းဖွင့်လှစ်ပို့ချခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာများ သိရှိလေ့လာနိုင်ရန် ရုံးလုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် လုပ်ကိုင်မည့် လုပ်သားများအတွက် လုပ်ငန်းခွင်သဘောတရား၊ အလုပ်အပေါ်တွင် ထားရှိရမည့်စိတ်ထား၊ တရားဝင်လုပ်သားတစ်ဦးရရှိမည့်အခွင့်အရေး၊ အလုပ်သမား စာချုပ်ပါအချက်များ၊ ဘာသာစကားအခြေခံတို့ကို လုပ်ငန်းတွင်အဆင်ပြေစေရေးအတွက် သင်တန်းများစသည်ဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌လည်း အလားတူ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက Today Top Star (ဘားအံ) အလုပ်သမားသင်တန်းကျောင်း ဖုန်း-၀၅၈-၂၂၆၄၀ နှင့် ၀၉-၅၀၃၇၄၉၀ ရန်ကုန်ရုံးချုပ် ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့် ပြည်မြန်မာ ကုန်တိုက် တတိယထပ် ဖုန်း-၀၁-၅၀၀၅၄၇၊ ၅၀၀၅၄၈ နှင့် ၅၃၄၇၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၇-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလာ ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။တန်ခိုးတော်အနန္တ ပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
- ၇:၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၂၀ ၉။ **စီးဆင်းပါစေမေတ္တာရေ**
- ၈:၃၀ ၁၀။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် မွေ့စကြာဝတ်ရွတ်ပူဇော်ပွဲ[ပထမဆု အထက(၂) စမ်းချောင်း] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၄၀ ၄။ **မနီပြိုးနိုင်ပြီ**
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၄၀ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၅)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ခေတ်အဆက်ဆက်အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ) (တေးရေး-မင်းချစ်သူ)
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၂၅)
- ၂၀။ ရုပ်ရှင်ပဟေဠိ

အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း
အပတ်စဉ် (၅/၂၀၁၀) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ် ၁၃၅ ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၅/၂၀၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဇော်မိုး တက်ရောက်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

သင်တန်းအပတ်စဉ်(၆/၂၀၁၀)ကို စက်တင်ဘာ ၆ရက်တွင် ဖွင့်လှစ်ခဲ့ပြီး စနေ၊ တနင်္ဂနွေသင်တန်းကို စက်တင်ဘာ ၁၁ရက်တွင်လည်း စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတွင် ကလေးဝတ်၊ ကျားရုပ်၊ ဇာထိုးပန်းထိုး၊ အမျိုးသမီးဝတ်၊ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ စင်တီမီတာ(စက်ချုပ်)၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ သီးယို/ဆီစိမ်၊ တရုတ်အစားအစာ၊ စက်ကလေး/ စက်ကြီးပန်းထိုး၊ သိုးမွေး၊ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(လူမှုဝန်ထမ်း)**

နိုင် ငံ တ ကာ သ တင်း များ

တရုတ်နိုင်ငံ၏ တတိယမြောက် မိုးပျံတာဝါကြီးဖွင့်ပြီ

ပေကျင်း စက်တင်ဘာ ၆

ကမ္ဘာပေါ်၌ စီးပွားရေးတစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသော တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ တရုတ်ဝေါထရိုက်စင်တာ မိုးပျံတာဝါကြီးကို စက်တင်ဘာ ၃ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ **(ယာပုံ)**

မြင့်မား

ယခု ဖွင့်လှစ်လိုက်သည့် ဝေါထရိုက်စင်တာ မိုးပျံတာဝါသည် တရုတ်နိုင်ငံ မြို့တော်ပေကျင်းတစ်ခုလုံးကို အပေါ်စီးမှ မြင်တွေ့နိုင်သော မိုးပျံတာဝါတစ်ခုလည်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ ဆွေးနွေးပွဲခန်းမများ၊ စားသောက်ဆိုင်ကြီးများနှင့် ကုမ္ပဏီရုံးခန်းများ ပါဝင်သည်။ ပေကျင်းမြို့၌ အမြင့်ဆုံးမိုးပျံအဆောက်အအုံတစ်ခုဖြစ်ပြီး မီတာအမြင့် ၃၃၀ရှိသည်။

ပါဝင်

အထပ်ပေါင်း ၈၀ရှိပြီး အပေါ်ဆုံးအထပ်၌ အပန်းဖြေနားနေနိုင်သည့်နေရာနှင့် စားသောက်ခန်းမကျယ်ကြီး ပါဝင်ပြီး ၇၉ထပ်၌လည်း နိုင်ငံတကာ အစားအစာမျိုးစုံ ရရှိနိုင်သည့် စားသောက်ခန်းမကြီးတစ်ခုကို ဖွဲ့စည်းတည်ဆောက်ထားသည်။ ယခုမိုးပျံတာဝါ၏ ကြမ်းခင်းမြေဧရိယာမှာ စုစုပေါင်း ၁ ဒသမ ၁၄သန်း စတုရန်းမီတာရှိသည်။

တတိယ

ယခုဖွင့်လှစ်လိုက်သည့် တရုတ်ဝေါထရိုက်စင်တာမှာ တတိယမြောက် မိုးပျံတာဝါဖြစ်သည်။ ပထမဆုံး မိုးပျံတာဝါကို ၁၉၈၅ခုနှစ် ဇွန် ၁၆ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၀ပြည့်နှစ်၌ ဖွင့်လှစ်နိုင်ခဲ့သည်။ ဒုတိယ မိုးပျံတာဝါအဆောက်အအုံကို ၁၉၉၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်၌ ဖွင့်လှစ်နိုင်ခဲ့သည်။ ယခု တတိယမြောက် တရုတ်ဝေါထရိုက်စင်တာကို ၂၀၀၅ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ခုနှစ် စက်တင်ဘာ ၃ ရက်က အပြီးသတ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂျာမန်လေကြောင်းပြပွဲ၌ လေယာဉ်ပျက်ကျ

ဘာလင် စက်တင်ဘာ ၆

ဂျာမနီနိုင်ငံတောင်ပိုင်း၌ ကျင်းပသည့် နိုင်ငံတကာလေကြောင်းပြပွဲတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျရာ နှစ်ဦးသေဆုံးပြီး ဒါဇင်ကျော် ဒဏ်ရာရရှိကြောင်း စက်တင်ဘာ ၆ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ယင်းလေကြောင်းပြပွဲကို နုရင်ဘတ်မြို့ ဘာဗာရီန်ဒေသ၌ ကျင်းပလျက်ရှိရာ စွမ်းရည်ပြသပျံသန်းနေစဉ် လေယာဉ်မှူးမှာ အရှိန်မထိန်းနိုင်ဘဲ ပွဲကြည့်ပရိသတ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

သေဆုံး

တိုက်ဂါးမာသ်အမည်ရှိ လေယာဉ်ငယ်ပျက်ကျမှုကြောင့် သေဆုံးသူထဲတွင် အသက် ၄၆နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးပါဝင်ကြောင်း ဂျာမန်သတင်းစာက ဖော်ပြသည်။

(အင်တာနက်)

ကန်တပ်များ စစ်ရေးပြီးဆုံးကြောင်း ကြေညာပြီး ငါးရက်အကြာ
ဘဂ္ဂဒက်မြို့လယ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၆

ဘဂ္ဂဒက်မြို့လယ်တွင် စက်တင်ဘာ ၅ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ**(အပေါ်ပုံ)** အသေခံဗုံးခွဲသူ နှစ်ဦးအပါအဝင် ၁၂ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၁၀နာရီ မိနစ် ၅၀တွင် အသေခံဗုံးခွဲသူသုံးဦးက ဗုံးတပ်ဆင်ထားသည့် အင်္ကျီများဝတ်ဆင်လျက် ဘဂ္ဂဒက်အရှေ့ခြမ်းရှိ ရိဆာဖာ စစ်ဌာနချုပ်ကို တိုက်ခိုက်ရန် ကြိုးစားကြရာ အစောင့်တပ်သားများ၏ ပစ်ခတ်ခြင်းကို ခံရပြီး နှစ်ဦးသေဆုံး၍ တစ်ဦးအား ဒဏ်ရာနှင့် လက်ရဖမ်းမိကြောင်း ထိုဌာနမှ သိရသည်။ ထိုဖြစ်စဉ်တွင် သေဆုံးသူနှစ်ဦးနှင့် အခြားသူ ၁၀ဦးသေဆုံးကာ ၂၁ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဗုံးခွဲမှုသည် အမေရိကန်တပ်များ အီရတ်မှ ရုပ်သိမ်းပြီး ငါးရက်အတွင်း အကြီးမားဆုံး ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မုန်တိုင်းကြောင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုရွှေ့ဆိုင်း

ဆိုးလ် စက်တင်ဘာ ၆

စက်တင်ဘာ ၅ရက်တွင် စတင်ရန် စီစဉ်ထားသည့် တောင်ကိုရီးယားနှင့် အမေရိကန်ရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မာလူမုန်တိုင်း ကျရောက်တော့မည်ဖြစ်သဖြင့် ရွှေ့ဆိုင်း လိုက်ကြောင်း တောင်ကိုရီးယားမီဒီယာများက ဖော်ပြသည်။

ရပ်ဆိုင်း

တောင်ကိုရီးယား စစ်သင်္ဘောကို မတ်လအတွင်းက မြောက်ကိုရီးယားက တော်ပီဒိုဖြင့် ပစ်ခတ်နစ်မြုပ်မှုကို တုံ့ပြန်သည့် နောက်ဆုံးအစီအစဉ်အရ အမေရိကန်နှင့် တောင်ကိုရီးယားတို့က ငါးရက်ကြာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ရန် ပြင်ဆင်စဉ် ယင်းသို့ ရပ်ဆိုင်းလိုက်ရခြင်း ဖြစ်သည်။ ယခုနှစ်အတွင်း အဆိုပါဒေသ၌ နဝမမြောက် မုန်တိုင်းဖြစ်သည့် မာလူမုန်တိုင်းသည် စက်တင်ဘာ ၄ရက် မွန်းလွဲပိုင်းက ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း အရှေ့တောင်ဘက် ကီလိုမီတာ ၄၇၀ခန့်တွင် ဖြစ်ပေါ်ခဲ့ပြီး တောင်ကိုရီးယားရေပြင်သို့ မကြာမီ ရောက်လာမည်ဟု ခန့်မှန်းထားသည်။

နှစ်နိုင်ငံ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ပူးတွဲစစ်ရေး လေ့ကျင့်မည့်ရက်ကို နောက်ပိုင်းတွင် ကြေညာမည်ဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးအဖွဲ့ချုပ်က ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူးလ် စက်တင်ဘာ ၆

အာဖဂန်နစ္စတန် တောင်ပိုင်း၌ စက်တင်ဘာ ၅ရက်က နေတိုးတပ်ဖွဲ့ဝင်တစ်ဦး တာလီဘန်တို့၏ လက်ချက်ဖြင့် သေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့က ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

၄င်းတပ်ဖွဲ့ဝင်သည် အာဖဂန်တောင်ပိုင်း၌ စက်တင်ဘာ ၅ရက်က အကြမ်းဖက်တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ၄င်းသေဆုံးမှုသည် စက်တင်ဘာ ၁ရက်မှ စပြီးရေတွက်လျှင် လေးဦးမြောက် သေဆုံးခဲ့သည့် နေတိုးတပ်ဖွဲ့ဝင်ဖြစ်သည်။

အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင် ၄၉၀ကျော် သေဆုံးခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပထမဆုံး နျူကလီးယားစက်ရုံ ဆူဒန်၌ တည်ဆောက်မည်

ခါတွန် စက်တင်ဘာ ၆

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် နျူကလီးယားစက်ရုံတစ်ရုံကို လာမည့် ၂၀၂၀ပြည့်နှစ်၌ စတင်တည်ဆောက်သွားမည် ဖြစ်ကြောင်း ဆူဒန်အရာရှိများက စက်တင်ဘာ ၆ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဓာတ်အား အပြည့်အဝသုံးစွဲမှု လိုအပ်နေသော ဆူဒန်နိုင်ငံအတွက် နျူကလီးယား ဓာတ်ပေါင်းဖိုတစ်လုံး တည်ဆောက်ပြီးနောက် ဆက်လက်၍ နျူကလီးယား ဓာတ်အားပေးစက်ရုံများ ဆက်လက်တည်ဆောက်သွားမည့် အစီအစဉ်ကို ယခုနှစ်ကုန်မှစတင်ရန် ဆူဒန်အစိုးရက ခွင့်ပြုလိုက်ပြီဟု ဆူဒန်အဏုမြူ စွမ်းအင်အေဂျင်စီအကြီးအကဲ မိုဟာမက်အာမက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ပူးပေါင်းမည်

မိမိတို့၏ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မိုဟာမက်အာမက်က ပြောကြားသည်။

လက်ခံရရှိ

ဆူဒန်နိုင်ငံသည် ယခုအခါ ပထမဆုံး နျူကလီးယားဓာတ်ပေါင်းဖို စက်ရုံကို တည်ဆောက်ခြင်းဖြစ်သည်။ ဆူဒန်နိုင်ငံမှာ ၁၉၅၈ခုနှစ်ကပင် အိုင်အေအီးအေ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ရာ ပြီးခဲ့သည့်နှစ်က အီရန်နိုင်ငံ၏ နျူကလီးယားနည်းပညာ ဖြန့်ဝေပေးမှု ကမ်းလှမ်းချက်ကိုလည်း လက်ခံရရှိထားသည့် နိုင်ငံဖြစ်သည်။

(အင်တာနက်)

အင်ဒိုနီးရှား၌ ဂျပန်ဓာတုသင်္ဘော လုယက်ခံရ

တိုကျို စက်တင်ဘာ ၆

အင်ဒိုနီးရှားနိုင်ငံ အက်စမာလာဘတ်ကျွန်းတွင် ဂျပန်နိုင်ငံမှ ငွေကြေးနှင့် ဓာတုပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောတစ်စင်း လုယက်တိုက်ခိုက်ခြင်း ခံခဲ့ရကြောင်း ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနမှရရှိသည့် သတင်းအချက်အလက်ကို တိုကျိုသတင်းဌာနက ထုတ်ပြန်သည်။

ထွက်ပြေး

အဆိုပါဖြစ်ပွားမှုမှာ စက်တင်ဘာ ၅ရက် ဂျပန်စံတော်ချိန် နံနက် ၄နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြန်ပေးဆွဲသမားနှစ်ဦးမှာ လုယက်တိုက်ခိုက်ခဲ့ပြီးနောက် အခင်းဖြစ်ပွားရာနေရာမှ သင်္ဘောဖြင့် ထွက်ပြေးခဲ့သည်။

ကိုးကြိမ်

၂၀၁၀ ခုနှစ်အတွင်း ဂျပန်သင်္ဘောများ ပြန်ပေးဆွဲတိုက်ခိုက်ခံရမှုသည် ယခုအကြိမ်အပါအဝင် ကိုးကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကွန်ဂို၌ တစ်ရက်တည်း ခရီးသည်တင်သင်္ဘောနှစ်စင်း နစ်မြုပ်၍ အများအပြားသေဆုံး

အီကွာတာ စက်တင်ဘာ ၆

ကွန်ဂိုနိုင်ငံ အီကွာတာပြည်နယ်အနောက်မြောက်ပိုင်းရှိ မြစ်တစ်မြစ်အတွင်း အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံးနှင့် ခရီးသည်တင်သင်္ဘောတစ်စင်း စက်တင်ဘာ ၅ရက်က တိုက်မိပြီး နစ်မြုပ်ခဲ့ရာ ခရီးသည် ၇၀ကျော် သေဆုံးခဲ့ကြောင်း ကွန်ဂိုအရာရှိများက ပြောကြားသည်။

ခန့်မှန်း

၄င်းကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၃၀၀ကျော်ပါရှိလာရာ ညအချိန်မှောင်နေ်လာမှုကြောင့် ယခုကဲ့သို့ မြစ်အတွင်းရှိ ကျောက်တုံးကြီးနှင့် မတော်တဆတိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူဦးရေမှာ ၁၀၀ကျော်အထိ တိုးလာနိုင်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များ အချိန်မီရောက်မလာခဲ့ခြင်း၊ ညအမှောင်တွင် ဦးတည်ရာမဲ့ ကြောက်လန့်ကူးခတ်မှု၊ တစ်ဦးနှင့်တစ်ဦး အတင်းဖက်တွယ်ထားမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ နောက်ကျခဲ့ခြင်းတို့ကြောင့် သေဆုံးမှုများရခြင်းဖြစ်ကြောင်း အီကွာတာပြည်နယ်မှ ပြောရေးဆိုခွင့်ရှိသူ အီယာလီအင်အမ်ဘာက ပြောကြားသည်။

တစ်ဖန်ကွန်ဂိုနိုင်ငံတောင်ပိုင်း ကာဆိုင်းအော်စီဒန်တယ်ပြည်နယ်ရှိ ကာဆိုင်းမြစ်အတွင်း စက်တင်ဘာ ၅ရက် ညက ခရီးသည်တင်ကူးတို့သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားပြီး နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၅ဦးသေဆုံးမှုဖြစ်ပေါ်ခဲ့သည်။ ခရီးသည် ၂၀၀ခန့် တင်ဆောင်လာသော ကူးတို့ယာဉ်သည် သတ်မှတ်ထားသည့် ခရီးသည်ထက် ပိုမိုတင်ဆောင်လာရာ မီးလောင်မှုဖြစ်ပွားပြီး ခရီးသည်များ ကြောက်လန့်စုပြုံတိုးဝှေ့မှုကြောင့် သင်္ဘောတိမ်းစောင်းမှောက် ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ *(ယာပုံ)(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

အာကာကျော် - စုစည်းသည်

ကနေဒါအရှေ့ပိုင်း အားလ်မုန်တိုင်းဝင်ရောက်မွှေနှောက်

အော့တဝါ စက်တင်ဘာ ၆

အပူပိုင်းမုန်တိုင်းအားလ်သည် စက်တင်ဘာ ၅ရက် ညပိုင်းက ကနေဒါနိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ နိုဗာစကိုတီးယားပြည်နယ်တွင် လူတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြတ်တောက်

အဆိုပါမုန်တိုင်းသည် ကနေဒါနိုင်ငံ အရှေ့ပိုင်း နိုဗာစကိုတီးယားပြည်နယ် ကမ်းခြေသို့ အင်အားပြင်းထန်စွာ ဝင်ရောက်တိုက်ခတ်၍ သစ်ပင်များနှင့် ဓာတ်တိုင်များ လဲပြိုခဲ့သဖြင့် ဒေသတွင်း နေအိမ်အများအပြား လျှပ်စစ်မီး ပြတ်တောက်သွားခဲ့ရသည်။ (ဝဲပုံ)

အားလ်သည် တစ်နာရီလျှင် ၁၀၂မိုင်နှုန်းဖြင့် အရှေ့မြောက်ဘက်ဆီသို့ လျင်မြန်စွာ ရွေ့လျားတိုက်ခတ်နေကြောင်း ကနေဒါဟာရီကိန်းဌာနက ပြောကြားသည်။ မုန်တိုင်းတိုက်ခတ်နေချိန်၌ ဟာလီဖက်စ်မြို့မှ အသက် ၅၄နှစ်ရှိ ဂျွန်နီ မစ်ချယ်ဆိုသူသည် ရေကူးနေစဉ် ရေနစ်သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ချီလီမိုင်းလုပ်သားများ တွင်း၌ပိတ်မိသည့် တစ်လပြည့်အခမ်းအနား ဆွေမျိုးများက မိုင်းတွင်းအနီးပြုလုပ်ခဲ့ကြ

ဆန်တီယာဂို စက်တင်ဘာ ၆

ချီလီနိုင်ငံမြောက်ပိုင်း ကြေးနီသတ္တုမိုင်းတစ်ခုအတွင်း မိုင်းလုပ်သား ၃၃ ဦး မြေပြိုကျပြီး ပိတ်မိခဲ့သည်မှာ စက်တင်ဘာ ၅ရက်က တစ်လပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ယင်းတို့သည် မိုင်းတွင်း ပိတ်မိနေသည်မှာ ကမ္ဘာတွင် အချိန်အကြာဆုံး ပိတ်မိသူများအဖြစ် စံချိန်တင်ခဲ့သည်။ ယင်းတို့သည် ဩဂုတ် ၅ရက်က ဆန်တီယာဂိုမြို့ မြောက်ဘက်ကီလိုမီတာ ၈၀၀အကွာ ကြေးနီသတ္တုမိုင်းအတွင်း မြေအောက် မီတာ ၇၀၀ အနက်တွင် ပိတ်မိလျက်ရှိသည်။ ၂၀၀၉ ခုနှစ်က တရုတ်မိုင်းလုပ်သား သုံးဦးသည် မိုင်းတစ်ခုအတွင်း ၂၅ရက်ကြာ ပိတ်မိခဲ့ကြသည်။ ချီလီမိုင်းလုပ်သားများမှာ အချိန်အကြာဆုံး ပိတ်မိသူများဖြစ်လာသည်။

အဆိုပါ မိုင်းလုပ်သားများကယ်ဆယ်ရေးလုပ်ငန်းကို စတင်လုပ်ဆောင်နေပြီ ဖြစ်သည်။ ကယ်ဆယ်ရေးအတွက် သုံးလသို့မဟုတ် လေးလကြာနိုင်သည်ဟု ဆိုသည်။ သို့သော် ကယ်ဆယ်ရေးအဖွဲ့က လွန်တူးစက်သုံးခု အသုံးပြုပြီး ဥမင်လိုဏ်ခေါင်းတစ်ခုကို ဖွင့်ရန်ကြိုးစားလျက်ရှိသည်။

မိုင်းလုပ်သား ၃၃ဦး မိုင်းတွင်း၌ ပိတ်မိသည့် တစ်လပြည့်အခမ်းအနားကို ယင်းမိုင်းတွင်းအနီး၌ ပိတ်မိမိုင်းလုပ်သားများ၏ ဆွေမျိုးများက ပြုလုပ်ခဲ့ကြသည်။ **(အပေါ်ပုံ)** ၎င်းတို့နှင့် ဆွေမျိုးများ တွေ့ဆုံမေးမြန်းခန်းကို ဗီဒီယိုကွန်ဖရင့်အဖြစ် ပြုလုပ်ခဲ့ကြသည်။

(အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ၊ ၁၉ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၆

ပါကစ္စတန် အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာပြည်နယ် လက်တီမာဝပ်မြို့၌ စက်တင်ဘာ ၆ရက် နံနက်ပိုင်းက ရဲစခန်းတစ်ခုတွင် အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၉ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက ဖော်ပြသည်။ ထိုစဉ်အတွင်း အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ၂၅ဦးမှာ ဗုံးခွဲတိုက်ခိုက်ခံရသည့် ပျက်စီးအဆောက်အအုံအတွင်း ပိတ်မိနေကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိ အဆောက်အအုံများ ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

(ဝဲပုံ) အမ်အင်န်အေ၊ ဆင်ဟွာ

သဲကုန်းနှင့် ရွှေတောင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဒုတိယဝန်ကြီးဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ဩဂုတ် ၃၀ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သဲကုန်းမြို့နယ် အင်းမတိုက်နယ်ဆေးရုံ **(အပေါ်ပုံ)**၌ လူနာဆောင်များ၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ပေးအပ်

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ တိုက်နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာများမှာကြားပြီး ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်သည်။

ထိုမှတစ်ဆင့် ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေတောင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမတွင် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့်ခုခံအားကျဆင်းမှုကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန် မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်ပြီး ဆေးရုံ၏ ခွဲစိတ်ခန်း၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ သွားကျန်းမာရေးဌာနနှင့် ဆေးသိုလှောင်ခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တံခါးမြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်အပေါင်း၊ အသစ်များအားလုံးတက်ရောက်ကြရန်နှင့် ပုံစံဖြည့်ရန်အတွက် ဓာတ်ပုံနှစ်ပုံ ယူဆောင်လာကြရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တံတားတည်ဆောက်

ရခိုင်ပြည်နယ် ဥမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခတ္တာလမ်း ကွန်ကရစ်တံတားတည်ဆောက်ရန် မြေကြီးတူးခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စပါးခင်းများနှင့် သဘာဝရေပြင်များအတွင်း ချောင်းဆုံမြို့နယ်၌ ငါးမျိုးစိုက်ထည့်

ချောင်းဆုံ စက်တင်ဘာ ၆

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မျိုးပြုန်းတီး ပျောက်ကွယ်မှု မရှိစေရန်အတွက် ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာအုပ်စုရှိ စပါးစိုက်ခင်းများနှင့် ချောင်းဆုံမြို့ အနောက်ပိုင်း မဟာကန်တော် သဘာဝရေပြင်များအတွင်းသို့ ငါးသားပေါက်မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၄ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းစေရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားကာ အမှတ်(၁)ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ခြင်ဆေးဖျန်းလုပ်ငန်းများနှင့် ခြင်ထောင်ဆေးစိမ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းစေရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပန်းချီရေးဆွဲပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရပန်းချီကားများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ)** (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက် ၈နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်သည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံအသင်းများဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအသင်း၊ ကချင်ပြည်နယ် အမျိုးသားအသင်းနှင့် အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆု ရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံကြရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။ **(ဝဲပုံ)**

ပေးအပ်

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပပြီးနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၃ နာရီခွဲတွင် ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသော ၇၀ ကီလိုတန်းမှ မယုယုမွန် (ရန်ကုန်တိုင်းဒေသကြီး)နှင့် အမျိုးသားအကောင်းဆုံး အားကစားသမား ဆုရရှိသော၇၅ကီလိုတန်းမှ ဇင်ကိုဝင်း (ဧရာဝတီတိုင်းဒေသကြီး)တို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ယင်းနောက် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခု၊ကြေးတံဆိပ် နှစ်ခုဖြင့် ပထမ ရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါ်ရွှေသက်ကလည်းကောင်း၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခုဖြင့် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက လည်းကောင်း၊ ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် အမျိုးသား၊ အမျိုးသမီး စုပေါင်း တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း**(ဝဲပုံ)** တံခွန်စိုက် ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၆

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၃၄)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ နှစ်လယ်ကတည်းက အဘက်ဘက်တွင် အံ့သြစရာ ပြောင်းလဲနေပြီး စီးပွားရေးအရှိန်ခေါ်မှု၊ ခြိမ်းခြောက်မှု၊ ယှဉ်ပြိုင်မှုတို့ကို ဘယ်လိုရင်ဆိုင်ကျော်လွှားပြီး အခွင့်အလမ်းကို ဘယ်လိုရယူမလဲ၊ အိပ်မက်ဖြင့်စခဲ့သည့် မြန်မာ ICT Industry ကဏ္ဍတွင် ဘယ်ကုမ္ပဏီများ အောင်မြင်မှု လမ်းကြောင်းပေါ်ရောက်လာပြီလဲ၊ ထိုင်းပစ္စည်းမရှား များမှများ ပေါမှပေါ၊ ထိုင်းလုပ်ငန်းရှင်များ မြန်မာနိုင်ငံဈေးကွက် ခိုင်မြဲရန်နှင့် ထိုးဖောက်ရန် ကြိုးပမ်းလျက်ရှိ စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ ဓမ္မစေတီခေါင်းလောင်းကြီးရှာပုံတော် ရေရာသေချာရဲ့လား၊ နိုင်ငံခြားသား အဖွဲ့နှစ်ဖွဲ့ ခေတ်မီနည်းပညာများဖြင့် ရှာဖွေသော်လည်း နေရာအတိအကျ မသိသေး စသည့် သတင်းဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၊ ရဲမြင့်သိန်းတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဝင်မည့် ပါတီများနှင့် ယှဉ်ပြိုင်မည့်နေရာများ (ကရင်ပြည်သူ့ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်၊ ခေတ်သစ်ပြည်သူ့ပါတီ)နှင့် မောင်စူးစမ်း၏ ပုံသဏ္ဌာန်နှစ်မျိုးသို့ ပြောင်းလဲခြင်း ဆောင်းပါးတို့ကို ဖော်ပြထားသည်။

ထို့အပြင် အီးယူ-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ရရှိပါက မြန်မာ့စီးပွားရေးကို အကျိုးသက်ရောက်မှုရှိနိုင်၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ-တရုတ် သုံးနိုင်ငံ ကားလမ်းနှင့်ရထားလမ်း စစ်တကောင်းမှ မြန်မာနိုင်ငံကိုဖြတ်ကာ ကူမင်းအထိ ဖောက်လုပ်မည်၊ ၃၃မြို့နယ်တွင် ကွန်ကရစ်လမ်း ၅၆၁လမ်း ခင်းပေးမည်၊ ကွန်ကရစ် လမ်းပေါင်း ၁၁၀ခင်းပြီးဖြစ်၊ ဟိုတယ်များက ဝါကျွတ်မင်္ဂလာပွဲအတွက် ဆွဲဆောင်မှုအမျိုးမျိုးဖြင့် ဈေးကွက်ယှဉ်ပြိုင်လျက်ရှိ၊Chatrium Dream Wedding Fair 2010 ကို အောက်တိုဘာ ၁၆ရက်တွင် မော်ဒယ် ၁၅၀က နာမည်ကျော် ဒီဇိုင်နာများ၏ ဝတ်စုံလက်ရာများ ဝတ်ဆင်ပြသမည်၊ ဝါကျွတ်ကာလမှာ အထူးအစီအစဉ်တွေနဲ့ မင်္ဂလာမောင်နှံတွေအတွက် ဒီဇိုင်းလှလှဖန်တီးပေးကြမယ့် ဒီဇိုင်နာတို့ရဲ့ စကားသံများ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ပါရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကြို့ပင်ကောက်မြို့နယ်၌ကျင်းပ

ကြို့ပင်ကောက် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ပန်းတင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီက အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ် ကျန်းမာ ရေးဦးစီးဌာန သူနာပြုအရာရှိ ဒေါ်စော မြတ်နွယ်က ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောသည်။

ပညာပေးဟောပြော

ဆက်လက်၍ မြို့နယ်ကျန်းမာရေးမှူး ဦးစိုးပိုင်က သွေးလွန်တုပ်ကွေးရောဂါ အကြောင်း ပညာပေးဟောပြောပြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

(၁၈၀)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း (၄/၂၀၁၀)ကို စက်တင်ဘာ ၂၀ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည် ဖြစ်သည်။

သင်ကြားပို့ချ

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) ငါးလွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ် (၁၀) KSS - နတ်သုဒ္ဓါဒံပေါက်ဆိုင်၌ရယူ၍ စက်တင်ဘာ ၁၉ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေမြောင်းများ တူးဖော်

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၂ရက်က အဖွဲ့ဝန်ထမ်းများနှင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် စက်တင်ဘာ ၅ရက် နံနက်ပိုင်းက တက္ကသိုလ်များ သိပ္ပံသုတေသန၊ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် စက်တင်ဘာ ၃ရက် မွန်းလွဲပိုင်းက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် (ဝိဇ္ဇာခန်းမ)တို့သို့ လည်းကောင်း၊ စက်တင်ဘာ ၄ရက် နံနက်ပိုင်းက ဒဂုံတက္ကသိုလ်၊ ရန်ကင်းပညာရေးကောလိပ်၊ သဃ်ာန်းကျွန်း ပညာရေးကောလိပ်၊ ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့်သုဝဏ္ဏမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့သို့ လည်းကောင်း လှည့်လည်သွားရောက်၍ လက်တွေ့ခန်းများ၌ သင်ကြားမှု အထောက်အကူပစ္စည်းများဖြင့် သင်ကြား သင်ယူနေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းသည် ဩဂုတ် ၃၀ရက်က ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ပေးအပ်

ဆက်လက်၍ ဘားအံမြို့ တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀)သို့ သွားရောက်၍ ဆေးရုံတက်လူနာများ ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ လူနာဆောင်၊ ဆေးသိုလှောင်ခန်းများနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်သည်။

အမှာစကား

ထိုမှတစ်ဆင့် သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ဆက်လက်၍ တပ်မတော်စစ်ဆေးရုံ ခုတင်(၃၀၀)တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဩဂုတ် ၃၁ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်နယ်ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ဆောင်ရွက်ပေး

ထို့နောက် တာဝန်ရှိသူတို့က ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခွဲစိတ်ဆောင်သစ် တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း

တောင်ဥက္ကလာပမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၆

တောင်ဥက္ကလာပမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၉ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အထက (၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်ဆွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းသန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။

သင်တန်း၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းသန်း**(ဝဲပုံ)**က အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးလှဦး၊ ဦးသံချောင်း၊ ဒေါ်ခင်မာဆွေတို့က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းညွှန်ကြားချက်များ ရှင်းလင်းပြောကြားကြပြီး မဲရုံတွင် ဆန္ဒမဲပေးခြင်းကို သရုပ်ပြဆောင်ရွက်ကြသည်။ အဆိုပါ သင်တန်းသို့ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၄၀၆ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(၁၁၉)

မြဝတီရုပ်မြင်သံကြား

၇-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဘာရနက္ခေပနံ… သုခံ (အချမ်းသာဆုံး ချမ်းသာစစ်) (အပိုင်း-၂)
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၁၀။	**မိုးသောက်ကြယ်** (အပိုင်း-၁၆)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၃။	လျှပ်တစ်ပြက်
၆း၃၀	၁၄။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဟာသရုပ်စုံ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၁၂)
	၂၄။	**Mini Series**

ဒေါ်ခင်မျိုးမြင့်အားရည်စူး၍ အမှတ် ၂၀၆ ကောလိယ ၂၇ လမ်း (၁၃) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ခင်ပွန်း ဦးတင်ယုနှင့် သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၃၀၀၀၀ကို ဩဂုတ် ၂၂ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးထွန်းရီ လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် စက်တင်ဘာ ၆

ဦးအောင်ကျော်ဆန်းသည် ကစားဖော်များဖြစ်ကြသော ဦးစံလွင်၊ ဦးလှရီနှင့် ဦးပေါလုချမ်းတို့နှင့်အတူ ဩဂုတ် ၂၇ရက်က ကယားပြည်နယ် လွိုင်ကော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon (1) ဘောလုံးကို Maruman No.8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၃၀အကွာရှိ ကျင်းအမှတ် (၁၃)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေးသူ ဖတ်သူ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

အင်းစိန်မြို့နယ် ပထမအကြိမ် ရေးသူဖတ်သူ ဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက် မွန်းလွဲ၁နာရီက မြို့နယ်စာပေနှင့်စာနယ်ဇင်းရုံး၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင်၊ တွဲဖက်စာရင်းစစ် ဦးမောင်မောင်မြင့်အေး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးရှိန်အောင်ဗိုလ်နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တင်ပြ

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ ဘုန်းဝေ)က အမှာစကားပြောကြားပြီး ရေးသူဖတ်သူ ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (ဘူမိဗေဒ)က တင်ပြသည်။ **(အောက်ပုံ)**

ဟောပြော

ဆက်လက်၍ သဘာပတိ ဦးရှိန်အောင်ဗိုလ်က အမှာစကားပြောကြားကာ ဆရာဦးမြတ်ခိုင်၊ ဆရာဦးခင်ဇော်(မရမ်းကုန်း)တို့က စာပေများ ဟောပြောခဲ့ကြသည်။

(၁၁၃)

ကတ္တရာ ထပ်ပိုးလွှာခင်း

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်းဟောင်း(၂) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၃၁ရက်က အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဖွိုင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆောင်ရွက်နိုင်

ယခုတွင်မူ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများကြောင့် ဆည်မြောင်းဦးစီးဌာန၊ လူမှုအထောက်အကူပြုအဖွဲ့ဖြစ်သော Care Myanmar Co., Ltd. နှင့် ဒေသခံကျေးလက်ပြည်သူတို့ ပါဝင်မှုဖြင့် တနိုလာလဲ(အောက်ရေကန်)၌ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၄ပေ၊ အမြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို ကြားသိခဲ့ရသည်။

ပြန်လည်ပြုပြင်

ထိုသတင်းနှင့် ပတ်သက်၍ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝမ်းက "ကျွန်တော်တို့ဌာနအနေနဲ့ ဆည်ကန်များ အသစ်တည်ဆောက်ရုံသာမက ရှိပြီးသား ကန်ငယ်၊ ဆည်ငယ်တွေကို

တနိုလာလဲ ပြုပြင်ပြီးစီးမှု

အရှည် ပေ ၁၆၀၀၊ အကျယ် ၁၄ပေရှိသော တနိုလာလဲ(အောက်ရေကန်) ကန်ပေါင် ပြုပြင်ပြီးစီးမှုကိုလည်း ဤသို့တွေ့မြင်ခဲ့ရသည်။

ပိုမိုသိုလှောင်နိုင်

ထို့နောက် ကျန်ရှိနေသေးသော မြောင်းအရှည်ပေ ၃၀၀၀ကို ဆည်မြောင်းဦးစီးဌာနမှပင် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယခုကဲ့သို့ တနိုလာလဲ(အောက်ရေကန်) ကန်ပေါင်မြှင့်တင်လာနိုင်ခဲ့သည့်အတွက် ယခင်က အဆီးအတားမရှိ လျှံနေသော ကန်ရေကို ထိန်းသိမ်းနိုင်ခဲ့ပြီး ဆည်ရေများ ပိုမိုသိုလှောင်နိုင်ခဲ့ပြီ ဖြစ်သည်။

သွယ်ယူ

တနိုလာလဲ (အထက်ရေကန်)မှ သွယ်ယူထားသော ရေစီးမြောင်းကိုလည်း မြောင်းအတွင်း ဖို့နေသော သဲနုန်းမြေများ ပြန်လည်တူးဖော်ခြင်းနှင့် မြောင်းအသစ် အလျားပေ ၆၄၀၀

ဖြန့်ဖြူးပေးနိုင်

လယ်ယာမြေများ ရေပေးဝေရေးနှင့်ပတ်သက်၍ ဦးစီးအရာရှိ ဦးမောင်မောင်ဝင်းက "အခုလို ဖဲလျားဆည် အမှတ်(၂)မှ တနိုလာလဲ (အောက်ရေကန်)သို့ ရေသွယ်မြောင်း အောင်မြင်စွာ တူးဖော်လာနိုင်တာရယ်၊ ကန်ကြီးနှစ်ကန် ပြန်လည်ပြုပြင်ထိန်းသိမ်းလာနိုင်တာတို့ကြောင့် ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ဖဲလျား၊ ထီးသဲကလိုး၊ ဒေါလျားခူ၊ တနိုလာလဲကျေးရွာများမှာရှိတဲ့ လယ်မြေဧက ၁၈၃၂ ဧကကို

"လယ်မြေ ၁၈၃၂ ဧကကို ရေလုံလောက်စွာ ပေးနိုင်ပါပြီ"

ဦးမောင်မောင်ဝင်း ဦးစီးအရာရှိ

ရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခဲ့ပါပြီ"ဟု ဆိုလာခဲ့သည်။

ဖြတ်ကျော်စီးဆင်း

သို့ဖြင့် တနိုလာလဲကန်နှစ်ကန်ကို

တာပေါင်မြှင့်

တနိုလာလဲ(အောက်ရေကန်) တာပေါင်မြှင့်ခြင်းကိုလည်း ဤသို့ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့သည်။

● *ရွှေဖုံးမှ*

အစဉ်မပြတ်ကြိုးပမ်း

ကယားပြည်နယ်တွင် ၂၀၁၀-၂၀၁၁ခုနှစ် မိုးသီးနှံ လျာထား စိုက်ဧကမှာ ၂၆၀၉၈၇ဧက ဖြစ်သည်။ ထိုမြေယာအားလုံးအတွက် စိုက်ပျိုးနိုင်ရန် ရေရရှိရေးကို ပြည်နယ် ဆည်မြောင်းဦးစီးဌာနက အစဉ်မပြတ်ကြိုးပမ်းနေကြောင်း သိရသည်။

ပြည်နယ်အတွင်း စိုက်ပျိုးရေကို မိုးဖြဲရေလှောင်တမံ၊ ငွေတောင်ရေလှောင်တမံ၊ ဒေါတချရေလှောင်တမံ၊ ဟိုတာရေလှောင်တမံ၊ လွိုင်နန်းဖရေထိန်းတမံ၊ ငွေတောင်ရေထိန်းတမံတို့အပြင် ရေလွှဲဆည် ကိုးခု၊ ရေလှောင်ကန် ၁၇ခု စုစုပေါင်း ဆည်တမံရေလှောင်ကန် ၃၂ခုတို့မှ ရယူလျက်ရှိသည်။

ထိုအထဲမှ အခြား အခြားသော ရေလှောင်တမံ၊ ရေထိန်းတမံ၊ ရေလွှဲဆည်၊ ရေလှောင်ကန်များကို အစဉ်ထိန်းသိမ်းလာနိုင်ခဲ့သော်လည်း ၁၉၈၀ ပြည့်နှစ်ကတည်းက လုပ်ငန်းပြီးစီးခဲ့သော လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ်အတွင်းရှိ တနိုလာလဲ အထက်ကန်နှင့် အောက်ကန်ကြီးနှစ်ကန်ကိုမူ အကြောင်းအမျိုးမျိုးကြောင့် ပြုပြင်ရန် ကျန်ရှိနေခဲ့သည်။

တနိုလာလဲကန်မှ ရေကိုရယူ၍ စိုက်ပျိုးထားသော ဖဲလျားကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသည့် စပါးစိုက်ခင်း။

သုံးပေအထိ တာပေါင်မြှင့်ခြင်းလုပ်ငန်းကို ၂၀၁၀ခုနှစ် ဇွန် ၁၀ရက်မှ ဇူလိုင် ၅ရက်အတွင်း ပြီးစီးအောင် လည်း ထိန်းသိမ်းပြုပြင်ရပါတယ်။ အခု တနိုလာလဲကန် နှစ်ကန်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းလာနိုင်တဲ့အတွက် ကျေးလက်ပြည်သူတွေအတွက်ရော ဒေသအတွက်ပါ အကျိုးအများကြီး ရှိလာခဲ့ပါပြီ"ဟု ရှင်းပြခဲ့သည်။

ပူးပေါင်း

ထို့အပြင် ဖဲလျားဆည် အမှတ်(၂)မှ တနိုလာလဲ(အောက်ရေကန်)သို့ အရှည်ပေ ၇၀၀၀၊ ရေသွယ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကိုလည်း ဆည်မြောင်းဦးစီးဌာန လူမှုအထောက်အကူပြုအဖွဲ့ဖြစ်သော Care Myanmar ကုမ္ပဏီနှင့် အနီးဝန်းကျင် ဒေသခံပြည်သူများ၏ ပူးပေါင်းမှုတို့ကြောင့် ၂၀၁၀ခုနှစ် ဇူလိုင် ၅ရက်မှ ဇူလိုင် ၃၀ရက်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ကို ဆည်မြောင်းဦးစီးဌာနမှပင် ၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်းက တူးဖော်လာနိုင်ခဲ့သည်။

တနိုလာလဲ (အထက်ရေကန်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

စက်တင်ဘာ ၇ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၀ရွေးကောက်ပွဲအတွက် ပြင်ဆင်နေသော တိုင်းရင်းသားပါတီများနှင့် တိုင်းပြည်အကျိုး သယ်ပိုးလိုတဲ့သူ တိုင်းပြည်ကို ချစ်တယ်လို့ထင်တဲ့သူတွေကို မဲပေးပါဆိုတဲ့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် တွေ့ဆုံခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၄)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ နောက်ဆုံးသတင်းများ၊ မဲဆန္ဒနယ် (၃)နယ်တွင် ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသော နိုင်ငံရေးပါတီ သုံးခု၊ ရွေးကောက်ပွဲသို့ စီးပွားရေးလုပ်ငန်းရှင်ကြီး သုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်၊ အစဉ်အလာ ဒီမိုကရေစီ၊ ထိုင်းနိုင်ငံတွင် ရွှေပြောင်း အလုပ်သမားများ ဘဏ်စာရင်းဖွင့်နိုင်ပြီ၊ အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံပုံတူ စေတီတော် အနေကဇာတင်ပွဲနှင့် ဗုဒ္ဓညီလာခံ ကျင်းပမည်၊ ကမောက်ကမ ကားလောကနှင့် ကားကောင်းကောင်းကို ဈေးပေါပေါ စီးစေလိုချင်ကြသူများ၊ တွံတေးမြို့ သုသာန်အနီးတွင် တရားဝင်လိုင်စင်မရှိဘဲ နွားများ ဝယ်ယူသိုလှောင်ထားသူကို အရေးယူ၊ (၇၂....) နံပါတ်နှင့်စသော CDMA (Fixed) ဖုန်းများကို GSM, CDMA 800MHz, CDMA 450MHz ဖုန်းများနှင့် လဲလှယ်နိုင်ပြီ၊ ဈေးကွက်အတွင်းက ရွှေဈေး၊ ဒေါ်လာဈေး၊ ကားဈေး၊ အိန္ဒိယ - မြန်မာနယ်စပ် ဖြတ်ကျော်သွားလာခွင့်ကို ကီလိုမီတာ ၄၀မှ ၁၆မီတာသို့လျှော့ချ၊ မြန်မာနိုင်ငံတွင် မုတ်သုံမိုးအပြင် နောက်ထပ် နှစ်မိုးကျန်ရှိ၊ သစ်အစားထိုး ရေစိုခံ ဘိလပ်မြေကျောက်ပြားသုံးခြင်းဖြင့် ကုန်ကျစရိတ်ကိုလျှော့ချနိုင်၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-မြန်မာ သုံးနိုင်ငံကား၊ ရထားလမ်းဖောက်လုပ်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံက အရှိန်မြှင့်လုပ်ဆောင်၊ မြန်မာနိုင်ငံတွင် ရေနံနှင့် ကျောက်မီးသွေးရှာဖွေထုတ်လုပ်ရန် ဖိလစ်ပိုင်နိုင်ငံက စိတ်ဝင်စား၊ ဂြိုဟ်တုပေါ်မှ တွေ့ရသည့် မီးတောင်များ၊ ရှူစစ်ပွဲတစ်ခုဖြစ်နိုင်ကြောင်း ဗင်နီဇွဲလားသမ္မတချာဗက်ဇ်အား ကက်စထရိုသတိပေး၊ သေမင်းတမန်ကုန်သည်ကြောင့် အမေရိကန်-ရုရှား ထိပ်တိုက်တွေ့မည့် ပြဿနာတစ်ရပ်ကို ဖိတ်ခေါ်နေ၊ မြောက်ကိုရီးယားတို့ ပစ်ခတ်လာပါက ချက်ချင်းတုံ့ပြန်ပစ်ခတ်မည်ဟု တောင်ကိုရီးယား သတိပြု၊ မြောက်ကိုရီးယား၏ ပုံဖျက်မှုနည်းဗျူဟာများ၊ မြောက်ကိုရီးယားက ဒူးထောက်လက်မြှောက်မည်မဟုတ် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား

ဝင့်မာသွင် - ရေးသား

ကမ္ဘာ့အရပ်အပုဆုံး

ဘိုဂိုတာ စက်တင်ဘာ

ကိုလံဘီယာနိုင်ငံမှ အသက် ၂၄နှစ်ရှိ အ... ကမ္ဘာ့အရပ်အပုဆုံး အမျိုးသားဖြစ်လာကြော... အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသိအမှတ်ပြု

ဂင်းနက်စ်မှတ်တမ်းအဖွဲ့က နီနိုဟာနန်ဒက... လူသားအဖြစ် အသိအမှတ်ပြုလက်မှတ်ကိုလည်...

အဆိုပါ အရပ်အပုဆုံးလူသားသည် အ... ရှိသည်။ ကိုယ်အလေးချိန်မှာ ၂၂ပေါင်သာရှိပြီး... အိတ်တစ်လုံးထက်ပင် ပိုပေါ့ပါးသည်ဟုဆိုသည... စပြီး အရပ်ရှည်ထွက်မလာတော့ကြောင်း မိခ... ပြောကြားသည်။

ဟာနန်ဒက်ဇ်သည် ယခင် တရုတ်နိုင်ငံမှ... အရပ်အပုဆုံးလူထက် ၁ဒသမ ၅လက်မ ပို... မတ်လက ကွယ်လွန်ခဲ့သည်။

ဖြန့်ဖြူးပေးနိုင်

လယ်ယာမြေများ ရေပေးဝေရေးနှင့်ပတ်သက်၍ ဦးစီးအရာရှိ ဦးမောင်မောင်ဝင်းက "အခုလို ဖဲလျားဆည်အမှတ်(၂)မှ တနိုလာလဲ (အောက်ရေကန်)သို့ ရေသွယ်မြောင်း အောင်မြင်စွာ တူးဖော်လာနိုင်တာရယ်၊ ကန်ကြီးနှစ်ကန် ပြန်လည်ပြုပြင်ထိန်းသိမ်းလာနိုင်တာတို့ကြောင့် ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ဖဲလျား၊ ထီးသဲကလိုး၊ ဒေါလျားရှု၊ တနိုလာလဲကျေးရွာများမှာရှိတဲ့ လယ်မြေဧက ၁၈၃၂ ကေကို ရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခဲ့ပါပြီ" ဟု ဆိုလာခဲ့သည်။

ဖြတ်ကျော်စီးဆင်း

သို့ဖြင့် တနိုလာလဲကန်နှစ်ကန်ကို ဆည်မြောင်းဦးစီးဌာန၊ Care Myanmar ကုမ္ပဏီ၊ ဒေသခံတို့ ပြန်လည်ပြုပြင်ထိန်းသိမ်းလာမှုကြောင့် အနီးဝန်းကျင် ကျေးရွာများရှိ လယ်မြေများ ရေပြတ်လပ်မှုမှ လွတ်မြောက်လာနိုင်ခဲ့ပြီ။ ပိုလျှံသော ဆည်ရေများကို ဒေါပေါ်ကလဲကန်၊ ပါခေါ်ဒူကန်များသို့ အဆင့်ဆင့် ဖြတ်ကျော်စီးဆင်းနေပြီး ငွေတောင်ရေလှောင်တမံကြီးဝယ် ယခင်ကထက်ရေများ ပိုမိုသိုလှောင်နိုင်ပြီ ဖြစ်သည်။

"ဌာနအနေဖြင့် ဆည်၊ တမံများ အသစ်တည်ဆောက်ရုံမျှမက ရှိပြီးသော ဆည်၊ တမံ၊ ကန်တွေကိုလည်း ပြုပြင်ထိန်းသိမ်းရပါတယ်"

ဦးတင်ဝမ်း
ဒုတိယ
ညွှန်ကြားရေးမှူး

သဲနုန်းတူးဖော်

ထို့အပြင် ရေလှောင်တမံ၏ ရေဝပ်ဧရိယာအတွင်း ဆည်ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ရေလာလမ်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို အလျင်အမြန် ဆောင်ရွက်နေပြီဖြစ်ရာ ဆည်မြောင်းဦးစီးဌာန၏ "ရေလာရာ မြောင်းပေး၍ စေတနာရေတို့ ဝေဖြာမှုကြောင့်" တနိုလာလဲဝန်းကျင် လယ်မြေများ အစဉ်ထာဝရ စိမ်းစိုနေဦးတော့မည်မှာ ဧကန်ဖြစ်ပါကြောင်း မြန်မာ့အလင်းသတင်းအဖွဲ့ ကွင်းဆင်း၍ သတင်းတစ်ပုဒ်အဖြစ် ဖော်ညွှန်းရေးသား လိုက်ရပါတော့သည်။ ။

(မြန်မာ့အလင်း)

တနိုလာလဲ (အထက်ရေကန်)

ပြည်နယ်အတွင်း လယ်မြေများ စိုက်ပျိုးရေ အလုံအလောက်ရရှိနိုင်ရန်အတွက် ပြန်လည်ပြုပြင် ထိန်းသိမ်းလာနိုင်ခဲ့သော တနိုလာလဲ(အထက်ရေကန်)။

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင် ပွဲကောက်ရေလွှဲဆည်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက်ပိုင်းက တပ်မတော်နည်းပညာတက္ကသိုလ် စက်ပစ်ကွင်း၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သရုပ်ပြပစ်ခတ်ခြင်းကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကျောက်မဲလေးကျေးရွာ ပြင်ဦးလွင်-မိုးကုတ်လမ်းပိုင်းသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် လမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ပွဲကောက်ရေလွှဲဆည်စီမံကိန်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေချောင်း-အနီးစခန်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရတနာပုံ တယ်လီပို့တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေး ပြည်ရေနံမြေ ယာယီရှင်းလင်းဆောင်တွင် ရေနံမြေ မန်နေဂျာနှင့် အရာထမ်းများအား လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားစဉ်။ (စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေး

မြန်အောင်နှင့် ပြည်ရေနံမြေတို့၌ ဝန်ထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေးသည် စက်တင်ဘာ ၃ရက် နံနက်ပိုင်းက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေ၌ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးမှာကြားပြီး ရေနံမြေခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၅ရက်တွင် ပြည်ရေနံမြေ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ရှေးဦးစွာ ရေနံမြေ ယာယီရှင်းလင်းဆောင်၌ မန်နေဂျာနှင့် တာဝန်ရှိသူများက ပြည်ရေနံမြေတွင် တွင်းတူးစက်များစုဖွဲ့၍ ပေလတ်နှင့် ပေနက်တွင်းသစ် လေးတွင်းကို တစ်ပြိုင်တည်းတူးဖော်နေမှု၊ ရေနံတွင်းတူးသုံး ပစ္စည်းများ ရောက်ရှိမှုနှင့် ပြည်ရေနံမြေဧရိယာ၏ ဘူမိဗေဒအနေအထားများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပြန်လည်ဆွေးနွေးမှာကြားပြီး တွင်းအမှတ် ၁၆၃နှင့် ၁၆၅တူးဖော်နေမှုတို့ကို တက်ရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရေး ပြိုင်ပွဲဝင်များဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၁ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် ပြိုင်ပွဲဝင်ပညာရှင်များအား ဖိတ်ခေါ်ထားသည်။ လအလိုက် ပြိုင်ပွဲခေါင်းစဉ်များမှာ-

လ	ပြိုင်ပွဲခေါင်းစဉ်
ဇန်နဝါရီ	သာယာရှုခင်း တို့ပြည်တွင်း
ဖေဖော်ဝါရီ	တို့တိုင်းရင်းသားညီနောင်များ
မတ်	ခါနွေဦး
ဧပြီ	သင်္ကြန်ချိန်ခါ
မေ	လုပ်အားဖြင့် အလှဆင်
ဇွန်	ကျောင်းဖွင့်ချိန်
ဇူလိုင်	မိုးရာသီအလှ
သြဂုတ်	မြန်မာ့လယ်မြေအလှဝေ
စက်တင်ဘာ	မြန်မာ့အနုပညာလက်ရာများ
အောက်တိုဘာ	မြန်မာ့သစ်သီးဝလံများ
နိုဝင်ဘာ	မြန်မာ့စေတီပုထိုးများ
ဒီဇင်ဘာ	ကျန်းမာလှုပ်ရှား အားကစား

ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင်များအနေဖြင့် လစဉ်သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သတ်မှတ်ထားသည့်လအလိုက် ခေါင်းစဉ်များနှင့်ပတ်သက်၍ ဓာတ်ပုံများပေးပို့ရာတွင် ပြိုင်ပွဲဝင်တစ်ဦးအနေဖြင့် ရောင်စုံဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်ပြီး ဓာတ်ပုံအရွယ်အစားမှာ ၈ လက်မ× ၁၀ လက်မ သို့မဟုတ် ၁၂လက်မ × ၁၄ လက်မဖြစ်ရမည်။ ပေးပို့သောဓာတ်ပုံများနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်သူဓာတ်ပုံပညာရှင်က တာဝန်ယူရမည်။ ပြိုင်ပွဲဝင်စည်းကမ်းချက် အသေးစိတ်ကို လစဉ်ထုတ် မြဝတီမဂ္ဂဇင်းတွင် အသေးစိတ်ဖော်ပြထားသည်။

ဆက်သွယ်ပေးပို့နိုင်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လစဉ်လဆန်း ၁၅ရက်နောက်ဆုံးထား၍ မြဝတီစာပေတိုက် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ၁၅ ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃သို့လည်းကောင်း၊ မြဝတီစာပေတိုက်(ရုံးခွဲ) အမှတ် ၁၈၁၊ ၃၂ လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၂၄၄သို့လည်းကောင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ဝင့်မာသွင် - ရေးသားသည်

ကမ္ဘာ့အရပ်အပုဆုံး လူသား

ဘိုဂိုတာ စက်တင်ဘာ ၆

ကိုလံဘီယာနိုင်ငံမှ အသက် ၂၄နှစ်ရှိ အက်ဒဝပ်နီနိုဟာနန်ဒက်ဇ်သည် ကမ္ဘာ့အရပ်အပုဆုံး အမျိုးသားဖြစ်လာကြောင်း စက်တင်ဘာ ၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသိအမှတ်ပြု

ဂင်းနက်စ်မှတ်တမ်းအဖွဲ့က နီနိုဟာနန်ဒက်ဇ်အား ကမ္ဘာ့အရပ်အပုဆုံး လူသားအဖြစ် အသိအမှတ်ပြုလက်မှတ်ကိုလည်း ထုတ်ပေးလိုက်သည်။ *(ယာပုံ)*

အဆိုပါ အရပ်အပုဆုံးလူသားသည် အရပ်အရှည် ၂၇လက်မသာရှိသည်။ ကိုယ်အလေးချိန်မှာ ၂၂ပေါင်သာရှိပြီး သူ့ခန္ဓာကိုယ်မှာ ခရီးဆောင်အိတ်တစ်လုံးထက်ပင် ပိုပေါ့ပါးသည်ဟုဆိုသည်။ သူသည် အသက်နှစ်နှစ်မှစပြီး အရပ်ရှည်ထွက်မလာတော့ကြောင်း မိခင်ဖြစ်သူ နီမီဟာနန်ဒက်ဇ်က ပြောကြားသည်။

ဟာနန်ဒက်ဇ်သည် ယခင် တရုတ်နိုင်ငံမှ ဟီပင်ပင်းဆိုသည့် ကမ္ဘာ့အရပ်အပုဆုံးလူထက် ၁ဒသမ ၅လက်မ ပိုရှည်သည်။ ဟီပင်ပင်းသည် မတ်လက ကွယ်လွန်ခဲ့သည်။ *(အင်တာနက်)*

သင့်သွေးဖြင့် အသက်ကယ်ပါ

ပန်းတွေပျိုးမည့် မိုးစက်ပွင့်များ

မင်းဇေဒါ(ပွင့်ဖြူ)

မြင့်မားသောတောင်တန်းများ၊ ရှည်လျားသော မြစ်ချောင်းများ၊ စိမ်းစိုသော သစ်တောများ၊ ကျယ်ပြောသော မြက်ခင်းလွင်ပြင်များဖြင့် သဘာဝတောတောင်ရေမြေသည် မည်မျှပင်ထည်ဝါစေကာမူ ပန်းများမပွင့်၊ ရနံ့မသင်းလျှင် တင့်တယ်လှပမည်မဟုတ်ပေ။ ထိုနည်းတူစွာ နိုင်ငံတစ်နိုင်ငံ၌ နိုင်ငံရေးဖြစ်စဉ်နှင့် စီးပွားရေးတိုးတက်မှုများ မည်မျှ Change ၍ မည်မျှပြောင်းလဲစေကာမူ ယဉ်ကျေးမှုအနုပညာပန်းများ မပွင့်လန်းလျှင် နိုင်ငံဂုဏ်တင့် လူမျိုးမြင့်နိုင်မည်မဟုတ်ပေ။ တောတောင်ရေမြေတည်ရှိမှုသည် ပဓာနဆိုသော်လည်း နံ့သာကြိုင်ပျံ ပန်းဆင်းလှလှများပွင့်မှသာ ဤတော ဤတောင်သည် နေချင့်စဖွယ် ပသာဒဖြစ်ပေမည်။ ထိုကဲ့သို့ပင် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများသည် ပဓာနဖြစ်သော်လည်း အမျိုးသားယဉ်ကျေးမှုထွန်းကားပြန့်ပွားခြင်းနှင့် အရှည်တည်တံ့မှုသည်သာ ဤရေ၊ ဤမြေ၊ ဤလူ့အဖွဲ့အစည်း၏ ထာဝရအလှတရားများဖြစ်ပေသည်။ ထို့ကြောင့်ပင် **"ယဉ်ကျေးမှုအစစ် လူ့အနှစ်"**ဟု ဆိုရိုးပြုခဲ့ကြသည်မဟုတ်လော။

မြန်မာ့လူ့အဖွဲ့အစည်း၏ လောကဥယျာဉ်ကြီးတွင် ယဉ်ကျေးမှု အနုပညာပန်းများ ပွင့်လန်းကာ ရနံ့မွှေးကြိုင်စွာဖြင့် အစဉ်သဖြင့် ဂုဏ်တင့်နေစေရန် ကြိုးပမ်းစွမ်းဆောင်နေသော နေရာတစ်ခုကား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ဖြစ်ပါသည်။ ဤကျောင်းတော်ကြီးမှ နှစ်စဉ် ပန်းများပျိုး၍ မျိုးဆက်သစ်အနုပညာရှင်များ မွေးထုတ်ပေးကာ ထိုက်တန်သည့်ဘွဲ့များ အပ်နှင်းခဲ့သည်မှာ (၁၄)ကြိမ်တိုင်ခဲ့ပြီ။

၂၀၁၀ခုနှစ် ဩဂုတ်လ ၂၆ရက်နေ့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ဘွဲ့ယူ လက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီးတွင် ကျင်းပခဲ့ပါသည်။ မိုးများသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှပင် မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဧည့်ပရိသတ်များ တဖွဲဖွဲရောက်လာကြသည်။ ကျောင်းသားများက သူတို့၏အနုပညာဖန်တီးမှုစွမ်းရည်ကို ပြသရန်၊ ဆရာများက တပည့်များ၏ အရည်အချင်းကို အကဲဖြတ်ရန်၊ မိဘများက သားသမီးများ၏ လက်ရာမွန်ကို ကြည့်ရှုအားပေးရန် စုံညီစွာ တက်ရောက်လာခဲ့ကြပါသည်။

အမျိုးသားဇာတ်ရုံ၏ မျက်နှာစာ ဧည့်ခန်းဆောင်တွင် ပန်းချီပညာဌာနနှင့် ပန်းပုပညာဌာနမှ ကျောင်းသားတို့၏ လက်ရာမွန်များကို ပြသထားပါသည်။ ပန်းချီပညာဌာနမှ ကျောင်းသား၊ ကျောင်းသူ ၂၈ဦးတို့က ဆီဆေး၊ ပတ်စတယ်၊ မင်ခြစ်၊ အခရိုက်လစ်၊ ရိုးရာပန်းချီကား၊ ရေဆေးအကြည်၊ ရွှေဇဝါယွန်း အစရှိသည့် ဆေးအမျိုးအစား ခုနစ်မျိုးဖြင့် ပန်းချီကား ၃၃ကားကို ရေးဆွဲပြသထားပါသည်။ "မြောင်ထပ်တွေဆီ တောင်ဇလပ်တွေနီ"၊ "ချယ်ရီမြေမှာ ပွင့်တဲ့ပန်း"၊ "ငါးရက်တစ်ခါ လာဝယ်ပါ"၊ "ဖူးမြော်မဝ မြတ်ဗုဒ္ဓ"၊ "တိမ်စေတီ"၊ "ဝတ်စားဆင်ယင် ခေတ်အသွင်(ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ကုန်းဘောင်)" စသည့် ပန်းချီကားများစွာ ကြည့်ရှုရသည်မှာ တိုင်းပြည်နှင့်လူမျိုး၏ ယဉ်ကျေးမှုပုံရိပ်ကို မြင်သာစေပါသည်။ ဤတက္ကသိုလ်ကျောင်းဆင်း မျိုးဆက်သစ်ပန်းချီဆရာများသည် လက်ရာမြောက် ပန်းချီကားပေါင်း များစွာရေးဆွဲကြပြီး ဘာသာ၊ ယဉ်ကျေးမှု၊ သမိုင်း၊ အနုပညာ အဆီအနှစ်တို့ သိုမှီးထားရာဘဏ်တိုက်ကြီးများကို တည်ဆောက်ကြပေလိမ့်မည်။ ခေတ်ဟောင်း၊ခေတ်သစ်၊ ပြည်တွင်း ပြည်ပယဉ်ကျေးမှု ဆက်စပ်ရာ ပေါင်းကူးတံတားများကို တည်ဆောက်ကြပေလိမ့်မည်။ နိုင်ငံသားတို့၏ သိမ်မွေ့နူးညံ့မှု၊ ဇာတိမာန်၊ မျိုးချစ်စိတ်အစရှိသည့် စိတ်ဓာတ်အသွင်သဏ္ဌာန် ပြုပြင်ဖော်ပြရာ ကြေးမုံပြင်များကိုလည်း ဖန်တီးကြပေလိမ့်မည်။

ပန်းပုပညာဌာနမှ ကျောင်းသား၊ ကျောင်းသူကိုးဦးတို့က လက်ရာမွန်ရုပ်တုတစ်မျိုးစီ ထုလုပ်ခင်းကျင်း ပြသထားပါသည်။ ဘွဲ့ယူလက်ရာမွန်များကို ဖိုင်ဘာ၊ သစ်စေးသရိုး၊ ပလာစတာ စသည့် ဝတ္ထုပစ္စည်းများဖြင့် မြန်မာ့ရိုးရာ အနုပညာရပ်ကိုအခြေခံကာ ဆန်းသစ်တီထွင် ဖန်တီးပြသထားသည်။ ပြပွဲတွင် ပြသထားသည့် ရုပ်တုများအနက် "ဦးဆွေးဆံမြည့်" ပလာစတာရုပ်တုသည် မြန်မာ့စိတ်ဓာတ်နှင့် သစ္စာတရားအလှကို ဖော်ပြနေသလို "နွေးထွေးမှု" ပလာစတာရုပ်ကလည်း မိခင်က သားငယ်ကို နွေးထွေးစွာ ပွေ့ဖက်ထားပုံမှာ မြင်ရသူတိုင်းစိတ်ကို ကြည်နူးစေသည်။ "မျိုးဆက်သစ်များ" ပလာစတာ ရုပ်တုတွင်တော့ မွေးကင်းစကလေးငယ်များ၏ ချစ်စရာ၊ ရယ်စရာ၊ သနားစရာ၊ ပြုံးချင်စရာမျက်နှာလေးများကို သဘာဝကျကျ ထုလုပ်ပြထားရာ ကြည့်သူတိုင်း ကလေးတစ်ယောက် ကောက်ယူမွေးစားချင်စိတ်ပင် ပေါ်လာရပါသည်။ "ရာမလေးတင်ခန်း" သစ်စေးသရိုးရုပ်တုကလည်း ရိုးရာပန်းပု အနုပညာ၏ အသွင်သဏ္ဌာန်ကို အပြည့်အဝ မြင်တွေ့ရသည်။ ထုဆစ်ဖို့ဖြည့်ထားသော ပန်းပုလက်ရာမွန်များသည် သက်မဲ့ရုပ်တုများ ဖြစ်ကြသော်လည်း ၎င်းတို့သည် ယဉ်ကျေးမှုကို ကိုယ်စားပြု၍ စကားပြောတတ်ကြပါသည်။ ထိုစကားကို အနုပညာခံစားတတ်သူတိုင်း နားလည်နိုင်ပါသည်။

ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲကို ကြည့်ရှုပြီးနောက် အမျိုးသားဇာတ်ရုံအတွင်း စင်တင် တင်ဆက်ပွဲကို ဆက်လက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ ဂီတပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများက ရိုးရာဂန္ထဝင်တေးဂီတများ သီဆိုဖျော်ဖြေကြသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးကို ကျောင်းသူများတစ်ဝိုင်း၊ ကျောင်းသားများတစ်ဝိုင်း ဝဲဆိုင်း၊ ယာဆိုင်းဖြင့်ပဏာမ ဧည့်ခံတေးဂီတကို အပြိုင်လက်စွမ်းပြကြသည်။ စောင်း၊ ပတ္တလားအဖွဲ့လိုက် တီးခတ်မှုများ စောင်းတော်သိင်္ဂါကြိုး၊ မိုးဒေဝါပတ်ပျိုးကဲ့သို့ သီချင်းကြီး သီချင်းခန့် သီဆိုမှုများ၊ ကျောင်းသားများ ကိုယ်တိုင်ရေးစပ်သီဆိုသည့် "နှလုံးသားထဲက အမိတက္ကသိုလ်" သီဆိုဖျော်ဖြေခြင်းများဖြင့် ဘွဲ့ယူစွမ်းရည်ကို ပြသခဲ့ကြသည်။ တူရိယာအမျိုးမျိုး တီးလုံးဆန်း၊ သံဆန်းအမျိုးမျိုးကို နိုင်နင်းစွာ တီးခတ်သီဆိုပြသွားသည်မှာ မြန်မာ့ဂီတလောကအတွက် အားတက်ဂုဏ်ယူဖွယ် ကောင်းလှပါသည်။

သဘင်ပညာဌာနမှလည်း မြူးကြွသွက်လက်သော ကကွက်များ၊ သရုပ်ဖော်ဟန်များဖြင့် တင်ဆက်သည့် "တူယှဉ်နွဲ့ပျော် တေးသရုပ်ဖော်" အက၊ ညီညာလှပ၍ လန်းဆန်းတက်ကြွသော မင်းသားလတ်တို့၏ ကဟန်များဖြင့် ဖော်ကျူးထားသည့် "မြူးကြွလှပ မင်းသားယိမ်းအက"၊ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ၏ "ပျော်ရွှင်ဖွယ်ရာ ကုမုဒြာအငြိမ့်"၊ "ရွှေပုဆိန်အော်ပရာ" (ရုပ်သေး)နှင့် "ဝိသယျသူဌေး" ဇာတ်တော်ကြီးများကို သမားစဉ်မပျက် အဆို၊ အငို၊ အပြော၊ အက၊ အလှများဖြင့် ထက်မြက်သော အနုပညာအရည်အသွေးကို ဖော်ထုတ်ပြသသွားပါသည်။ ရုပ်သံလိုင်းများ၊ အင်တာနက်များစသည့် ပျံ့နှံ့မှုလျင်မြန်၍ ဆွဲဆောင်အားကောင်းလှသော လူထုဆက်သွယ်ရေး မီဒီယာအမျိုးမျိုးကြားတွင် သဘင်မှုအနုပညာကို ပြည်သူ့ရင်ထဲ စိမ့်ဝင်ထိုးဖောက်နိုင်အောင် ဤမျိုးဆက်သစ်ကျောင်းသားလူငယ်များက စွမ်းဆောင်ကြရပေမည်။

ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနသည် ဖွဲ့စည်းထူထောင်၍ သင်ကြားပြသခဲ့သည်မှာ မကြာသေးပါ။ ဤပြပွဲနှင့် စင်တင်တင်ဆက်မှုတွင် ဒုတိယအကြိမ် ပြသခြင်းမျှသာဖြစ်သော်လည်း ဆရာများ၏ သင်ကြားနိုင်စွမ်းအားနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဝါသနာဗီဇအရင်းခံ ကြိုးစားအားထုတ်မှုများမှာ အားရကျေနပ်စရာ ကောင်းလှပါသည်။ ဇာတ်ညွှန်းအထူးပြု ခုနစ်ဦး၊ ဒါရိုက်တာအထူးပြု ၁၁ဦး၊ ကင်မရာအထူးပြု သုံးဦး၊ သရုပ်ဆောင်အထူးပြု ၁၁ဦး၊ တည်းဖြတ်အထူးပြု ၁၀ဦး စုစုပေါင်း ၄၂ဦးကို အဖွဲ့လေးဖွဲ့ခွဲကာ ဇာတ်လမ်းလေးပုဒ် ရိုက်ကူးစေခဲ့ပါသည်။ ယဉ်ကျေးလိမ္မာအသိပညာပေး "သိ..တတ်စေသော်" ဇာတ်လမ်း၊ နိပါတ်တော်လာ ပညာပေး "မိလက္ခ" ဇာတ်လမ်း၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ "သူ့ဘဝနှင့် သူ့လက်ရာ" မှတ်တမ်း၊ ဗိုလ်ကလေးတင့်အောင်၏ "ဘဝစာမျက်နှာများ" မှတ်တမ်းတို့ကို ကျောင်းသားများကိုယ်တိုင် ရေးသား၊ ရိုက်ကူး၊ သရုပ်ဆောင်၊ တည်းဖြတ်၊ ထုတ်လုပ်ခဲ့ကြရာ လိုအပ်ချက်များ ရှိနေသေးသည့်တိုင် အခြေခံ အရည်အချင်းကောင်းများကို အစွမ်းကုန် ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။

ရုပ်ရှင်/ပြဇာတ်ဆိုင်ရာ သီအိုရီနှင့် သဘောတရားများ၊ လက်တွေ့ပိုင်းများကို ကျေညက်ခဲ့ပြီးဖြစ်သည့်အလျောက် ယုံကြည်မှုနှင့်အခြေခံကောင်းများ ပိုင်ဆိုင်သွားကြပြီဖြစ်ပါသည်။ အနာဂတ်တွင် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလောက ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဤကျောင်းဆင်းမျိုးဆက်သစ်များသည် အာရှမှ ကိုရီးယားတို့ကဲ့သို့ မြန်မာ့ရုပ်ရှင်ဖြင့် နိုင်ငံတကာသို့ ထိုးဖောက်ကာ မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ကျယ်ပြန့်စွာ မြှင့်တင်နိုင်ကြပါလိမ့်မည်။

လူ့သမိုင်းခေတ်ကြီးအပိုင်းအခြားများနှင့် နည်းပညာအပြောင်းအလဲများကို "လှိုင်းကြီးသုံးလှိုင်း" စာအုပ်အမည်ဖြင့် သုတေသနပြု ဖော်ထုတ်တင်ပြခဲ့သည့် နိုင်ငံရေးသိပ္ပံပညာရှင် အယ်ဗင်းတော်ဖလာက ယခုကဲ့သို့ ပြောခဲ့ဖူးပါသည်။ "နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးရာ၌ ကျွမ်းကျင်သောလူရိုင်းတွေ (Skillecd barbarions) နဲ့ ငမိုက်သားတွေ (boobs) ချည်းပဲ မွေးထုတ်ပေးလို့မရဘူး။ ဂီတ၊ အနုပညာ၊ ပန်းချီ၊ အက ပြဇာတ်နဲ့ ဇာတ်သဘင်တွေကို ခံစားတတ်သူတွေ၊ ခံစားတတ်ရုံ (appreciation) မကဘူး အသုံးချနိုင်အောင် ဖန်တီးတဲ့ အနုပညာတွေ (applied creative arts) ထွန်းကားလာအောင် ဖန်တီးပြုလုပ်နိုင်သူတွေကို မွေးထုတ်ပေးရမယ်"ဟု ဆိုခဲ့ပါသည်။

လူမှုသိပ္ပံပညာရှင် ဆင်မြူရယ်တန်တင်တန်ကလည်း "အနာဂတ်တွင် ယဉ်ကျေးမှုများ တိုးတက်လိမ့်မည်"ဟု ဟောကိန်းထုတ်ထားရာ ယဉ်ကျေးမှုတန်ဖိုးနှင့်အင်အားသည် လူ့အဖွဲ့အစည်း၏ သမိုင်းတန်ဖိုးများအဖြစ် အရေးပါသော အခန်းကဏ္ဍမှ ရှိနေပေလိမ့်မည်။

ပန်းဟူသည် နေရာတိုင်းမှာ မပွင့်ပါ။ ရေခံမြေခံကောင်း ရှိဖို့လိုပါသည်။ မြန်မာ့ရေမြေသည် နှစ်ပေါင်းရာထောင်ချီ၍ သမိုင်းနှင့်ယဉ်ကျေးမှု အစဉ်အလာကြီးမားခဲ့သော ရေခံ မြေခံကောင်းရှိသည်။ သည်ရေမြေပေါ်တွင် လှသောပန်းတိုင်း ပွင့်စေရန်နှင့် ပွင့်သောပန်းတိုင်း မွှေးစေရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကြီးများက ပြုစုပျိုးထောင်ပေးလျက် ရှိပါသည်။ လက်ရာမွန်ပြပွဲ အခမ်းအနားကျင်းပသည့် ဩဂုတ် ၂၆ရက် တစ်နေ့လုံး မိုးစက်ပွင့်များ တဖွဲဖွဲတသဲသဲ ရွာချလျက်ရှိသည်။ ထိုမိုးစက်ပွင့်တို့သည် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု အနုပညာပန်းများ ပွင့်လန်းစေမည့်၊ ပန်းတွေပျိုးမည့် မိုးစက်ပွင့်များ ဖြစ်ပါသည်။ ။

ရလဒ်ကောင်းများ ထပ်မံရရှိရန် ကြိုးပမ်းမည့် နေပြည်တော် F.C

ရန်ကုန် စက်တင်ဘာ ၆

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၅)ကို ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေနေ့များက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် တောင်ကြီးမြို့ရှိ ကမ္ဘောဇကွင်းတို့၌ ကျင်းပခဲ့သည်။

သရေ

ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်များတွင် ထိပ်ဆုံး ငါးသင်းစလုံး နိုင်ပွဲပျောက်ဆုံးခဲ့ကြသည်။ အဆင့်(၂) ကမ္ဘောဇနှင့် အဆင့်(၄) ရန်ကုန်ယူနိုက်တက်တို့၏ ပွဲစဉ်၊ အဆင့်(၃) ဇေယျာရွှေမြေနှင့် အဆင့်(၅)ဆောက်သမ်းတို့ တွေ့ဆုံသောပွဲစဉ်များမှာ အရှုံးအနိုင်ပေါ်ခဲ့ခြင်းမရှိသလို ထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရတနာပုံအသင်းကိုလည်း MNL အသင်းသစ် နေပြည်တော်အသင်းက မန္တလေးမြို့ ဗထူးကွင်းတွင် သရေကစားသွားခဲ့သည်။

နေပြည်တော်အသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း။

ယှဉ်ပြိုင်

ရတနာပုံအသင်းကို သရေကစားခဲ့သည့် နေပြည်တော်အသင်း၏ လူစာရင်းတွင် နိုင်ငံခြားသား ကစားသမားများဖြစ်သည့် နောက်ခံလူ ဂျိုးနှင့် ကွင်းလယ်ကစားသမား ဂျွန်နသန်တို့သာပါဝင်ခဲ့ပြီး

ရတနာပုံအသင်းဘက်ကို ဦးဆောင်ဂိုးသွင်းခဲ့သည့် တိုက်စစ်မှူး ပြည့်ဖြိုးဦး။

ပြည်တွင်း ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

အပြောင်းအလဲလုပ်

နေပြည်တော်အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက "အသင်းအနေဖြင့် လက်ရှိချန်ပီယံရတနာပုံနဲ့ တွေ့ဆုံသောပွဲတွင်ရလဒ်ကောင်းရရှိရန်သေချာပြင်ဆင်ခဲ့ကြောင်း၊ ကစားကွက်ရော နည်းဗျူဟာပါ အပြောင်းအလဲလုပ်ပြီး ပြည်တွင်းကစားသမား အများစုဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည့်ဖြိုးဦးကို တိုက်စစ်မှူးနေရာတွင် ကစားစေခဲ့ပြီး ယခင်ပွဲများတွင် အသုံးမပြုခဲ့သည့် လူသစ် သိန်းဇော်မျိုးကို ပွဲထုတ်ခဲ့ကြောင်း၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းကို သရေကစားနိုင်ခဲ့သည်မှာ အနိုင်ရသည်ဟုပင် ပြောနိုင်ကြောင်း"ဖြင့် ပြောကြားသွားသည်။

ထပ်မံအားဖြည့်

ထို့ပြင် နေပြည်တော်အသင်း၏ တာဝန်ရှိသူတစ်ဦးက "၂၀၁၀ခုနှစ်တွင် အသင်းကောင်းတစ်သင်း ဖြစ်လာစေရန်နှင့်ပရိသတ်စိတ်ကျေနပ် အားပေးနိုင်သည့် အသင်း ဖြစ်လာရန်အတွက် အုပ်ချုပ်မှုအဖွဲ့၊ နည်းပြအဖွဲ့နှင့် ကစားသမားများကို ထပ်မံ အားဖြည့်ပြီး အပြောင်းအလဲလုပ်သွား ရန်ရှိကြောင်း၊ ပြည်တွင်းထိပ်တန်း ကစားသမားများကို ခေါ်ယူသွားမည်ဖြစ်သလို အာရှကစားသမားများကို စိတ်ဝင်စားကြောင်း" ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

ပထမအကြို ဗိုလ်လုပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ယှဉ်ပြိုင်

ပထမအကြိုဗိုလ်လုပွဲအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၇ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုး

မိုးညှင်း စက်တင်ဘာ ၆

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းဦးနှင့် ဝန်ထမ်းများ ဩဂုတ် ၂၃ရက်မှ ဩဂုတ် ၃၁ ရက်အထိ မိုးညှင်းမြို့နယ် အင်ကြင်းကုန်းအုပ်စု၊ ညောင်ကုန်းအုပ်စု၊ အင်းကုန်းအုပ်စုများသို့ ကွင်းဆင်းပြီး ကျွဲ၊နွားကောင်ရေ ၁၃၆၁ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ထိုးနှံ

မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် လစဉ်စီမံချက် ပြည့်မီကျော်လွန်အောင် ဝန်ထမ်းများ ကွင်းဆင်းပြီး ကာကွယ်ဆေးများ ဆက်လက် ထိုးနှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ကျိုင်းတုံမြို့၌ ဖွင့်လှစ်ပို့ချ

ကျိုင်းတုံ စက်တင်ဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဝန်းကျောက် **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးဇော်ဝင်းအောင်က ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိုင်းရှုန်တွီက မဲရုံမှူး၊ ဒုတိယမဲရုံမှူး ညွှန်ကြားချက်ကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဝန်းကျောက်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်များကိုလည်းကောင်း ပို့ချကြပြီး မဲရုံလုပ်ငန်းသရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ကော်မရှင်)**

ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ ဝန်ကြီး ဦးဌေးဦးအား လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေး မတည်ရန်ပုံငွေ (Livelihood and Food Security Trust Fund - LIFT) ၏ Donors Consortium Chairman အဖြစ်ခန့်အပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Christoph Burgenerသည် LIFT စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အလှူရှင်များကိုယ်စား Mr. Paul Whittingham, Head of Department for International Development (DFID), Embassy of United Kingdom, Myanmar နှင့်အတူ စက်တင်ဘာ ၁ ရက် ညနေ ၅နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီးဦးဌေးဦးအား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) ၏ ဗန်ကောက်ရုံးမှ တာဝန်ခံ Mr. KOICHI EGUCHI နှင့် Mr.HIRONORI KAWAMURA တို့သည် စက်တင်ဘာ၂ရက် ညနေပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမတွင် လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့နယ် ထရိုင်းတောကျေးရွာတွင် ခြောက်လက်မစက်ရေတွင်းတူးဖော်နေမှုကို ဩဂုတ်၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၁၀
(အင်္ဂါနေ့)
နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ ရှုလျှင်ချမ်းသာ ဝိပဿနာဘဏ် တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၆)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၀)
- ၈:၄၀ Activities in the City (မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်း၏ နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား)
- ၈:၅၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌဦးခင်လှိုင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၉:၁၀ **လှေကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၉:၂၅ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
- ၉:၄၀ Cartoon Show Time (Kronk's New Groove)
- ၁၀:၂၀ **စပါးကရွှေ...ငါးကငွေ** ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး (ဒါရိုက်တာ-နိုင်း)
- ၁၀:၂၅ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology)
- ၁၀:၄၅ Celebrity Style (ချောရတနာနှင့် သန္တာဗို)
- ၁၁:၀၅ International Show Biz
- ၁၁:၂၅ **ပေးဆပ်ခြင်းသည်** လူမင်း၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ကျော်ဇောလင်း၏ အတွေးပုံရိပ်)
- ၁:၀၀ ရှုလျှင်ချမ်းသာ ဝိပဿနာဘဏ် တရားတော်(ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- Bollywood Star စန္ဒာဝင်း)
- ၃:၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (ဖောက်စားဗီဒီယိုရိုက်ကွင်း)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၆)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၀)
- ၄:၄၀ Activities in the City (မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုး ရေးအသင်း၏နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား)
- ၅:၀၀ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကျန်းမာရေးကဏ္ဍ (အသည်းကျစ်ရောဂါနှင့် Fibroscan အကြောင်း သိကောင်းစရာ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၇)
- ၇:၂၅ Celebrity Choice (ဂန္ထဝင်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သူတို့ဘဝ သူတို့ဟာသ (ဦးစိန်ရိုး)
- ၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၂၅ 2011 UEFA European U 21 Championship Qualifier (England Vs Listhuania)
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၁)
- ၁၂:၀၅ **ရင်ထဲမှရွှေ** ခန့်စည်သူ၊ ခိုင်သင်းကြည် (ဒါရိုက်တာ-သန့်ဇင်အောင်)
- ၁:၃၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ဇောတိကကုမ္ပဏီဥက္ကဋ္ဌဦးခင်လှိုင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁:၅၅ အနုပညာမိုးကောင်းကင်
- ၂:၂၀ စာအုပ်ပြခန်း (အလင်္ကာဝတ်ရည်မဂ္ဂဇင်း)
- ၂:၃၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (ဖောက်စားဗီဒီယိုရိုက်ကွင်း)
- ၂:၅၀ World of Knowledge Downed Pilot
- ၃:၄၀ မြန်မာစာ မြန်မာစကား
- ၄:၀၀ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလှေ့လာပါ RESOURCE CENTRE မှ၁
- ၄:၀၅ သင်ကြားရေးလမ်းညွှန် (U.C.E.C တရုတ်ဘာသာစကား သင်တန်းကျောင်း)
- ၄:၃၀ ဖြစ်ထွန်းအောင်မြင်.... စိုက်ပျိုးဥယျာဉ်(စပျစ်)
- ၄:၅၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2011 UEFA European U 21 Championship Qualifier ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	England Vs Listhuania	Star Sports (Live)

ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း နတ်တလင်း၌ တည်ထောင်

နတ်တလင်း စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကို ရွာသာကုန်းကျေးရွာ ရန်ကုန်-ပြည်လမ်းဘေး မိုင်တိုင်အမှတ် ၁၃၅ /၄ တွင် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ဒုတိယရဲမှူး မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်မျိုးခိုင်က ကျေးလက်အိမ်ရာသစ်တောစိုက်ခင်းတည်ထောင်ခြင်းအတွက် သရုပ်ပြစိုက်ခင်းအဖြစ် ယူကလစ် စိုက်ခင်းစိုက်ပျိုးထားရှိမှုနှင့် သစ်တောစိုက်ခင်းတည်ထောင်ပုံ လုပ်ငန်းစဉ်များ၊ ယူကလစ်သစ်မျိုး၏ အသုံးဝင်ပုံနှင့် ကြီးထွားမှုကောင်းမွန်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းနှင့် သရုပ်ပြ စိုက်ခင်းတွင် ယူကလစ်ပင် ၂၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **(သစ်တောဦးစီးဌာန)**

ခြင်ဆေးဖျန်း

တောင်သာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အဖွဲ့ပိုင် မြို့မဈေးအတွင်း ဩဂုတ် ၁၅ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲ မော်လမြိုင်မြို့နယ် ကျောက်တန်းကျေးရွာ၌ ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၆

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့နယ် ကျောက်တန်းကျေးရွာတွင် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်**(ဝဲပုံ)**က ငါးသယံဇာတများ ရေရှည်အကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ ငါးသယံဇာတမှ ရရှိသော အကျိုးကျေးဇူးများကို အပြည့်အဝ ခံစားနိုင်ရန်အတွက် ငါးသယံဇာတများ ထိန်းသိမ်းရေး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ထိန်းသိမ်းရေး၊ ရေလုပ်သားများအနေဖြင့် ဌာနနှင့် ပူးပေါင်း၍ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရေးတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)

7-9 (11).pmd 1 9/7/2010, 1:38 AM

○ *ကျောဖုံးမှ*

တနိုင်းမြို့နယ်သည် မြစ်ကြီးနားမြို့နယ်မှ ၁၁၉မိုင် ၄ဖာလုံအကွာတွင် တည်ရှိသည်။

တနိုင်းမြို့နယ်သည် ကချင်ပြည်နယ်၏ အနောက်မြောက်ဘက် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်တွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် ၆၈၈ပေမှ ၆၇၅ပေတွင် တည်ရှိသည်။ အရှေ့ဘက်တွင် ဆွမ်ပရာဘွမ်မြို့နယ်၊ အနောက်ဘက်တွင် ခန္တီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်၊ တောင်ဘက်တွင် ဖားကန့်မြို့၊ မြောက်ဘက်တွင် ပူတာအိုမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။

အကျယ်အဝန်းအားဖြင့် ၄၇၇၂ ဒသမ ၈၂စတုရန်းမိုင်ဖြစ်ပြီး အရှေ့နှင့်အနောက် အကျယ်အဝန်းမှာ ၇၀ဒသမ ၁၃မိုင်၊ တောင်နှင့်မြောက် အကျယ်အဝန်းမှာ ၆၈ ဒသမ ဝ၆မိုင်ဖြစ်သည်။

ဖြတ်သန်းစီးဆင်း

ဘေးပတ်လည်တွင် တောင်တန်းများ ဝန်းရံထားပြီး ဟူးကောင်းချိုင့်ဝှမ်းအတွင်း တည်ရှိနေသည့်အတွက် လွင်ပြင်ဒေသဖြစ်ကာ တောင်တန်းများမှ ကျဆင်းရေများကြောင့် ချောင်းများဖြစ်ပေါ်ကာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

တနိုင်းမြို့နယ်၏ အနောက်ဘက်တွင် နာဂတောင်တန်းများ၊ တောင်ဘက်တွင် ဂျာဘူဘွမ်၊ ဘမာဘွမ်၊ အရှေ့ဘက်တွင် ဆွမ်ပရာဘွမ်၊ ကျော်မောင်ဘွမ်နှင့် မဂျီဘွမ်တောင်တန်းများ၊ မြောက်ဘက်တွင် ပတ်ကွိုင်တောင်နှင့် ဒဂူဘွမ်၊ ဆွမ်ပရာဘွမ်နှင့် ပလောင်ဘွမ်တောင်တန်းများ ရှိနေကြသည်။

ဟူးကောင်းတောင်ကြား ကျားထိန်းသိမ်းရေးတာဝန်ခံက မြန်မာ့အလင်း သတင်းအဖွဲ့အား မြေပုံကားချပ်ဖြင့် ရှင်းပြစဉ်။

တောင်တန်းများ ဝန်းရံနေမှုကြောင့် တစ်နှစ်ပတ်လုံး မိုးရွာသွန်းလျက်ရှိသည်။ နွေရာသီတွင် အမြင့်ဆုံး အပူချိန် ၃၈ဒီဂရီစင်တီဂရိတ်အထိ၊ ဆောင်းရာသီတွင် ၉ဒီဂရီစင်တီဂရိတ်အထိ တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန် ၁၁၅လက်မအထိ မိုးရွာသွန်းသည်။

နွေစပါးစိုက်ဧက ၁၀၀ လျာထားသော်လည်း ဧက၄၅၀စိုက်ပျိုးနိုင်ခဲ့ရာ ဧက ၃၆၀ ရိတ်သိမ်းနိုင်ခဲ့ပြီး တင်းပေါင်း ၁၈၇၈၅ တင်း ထွက်ရှိခဲ့သဖြင့် စိုက်ပျိုးမှုမှာ ၅၂ ဒသမ ၁၈ရာခိုင်နှုန်း ဖြစ်သည်။

မိုးစပါးတွင် စိုက်ဧက တိုးတက်လာရာ လျာထားစိုက်ဧက ၂၅၉၆၅ဧကဖြစ်ပြီး ဧက၂၆၈၀၉ဧက စိုက်နိုင်ခဲ့သည်။ အထွက်နှုန်းမှာ တင်းပေါင်း၁၈၃၂၀၀၃တင်း ထွက်ရှိခဲ့သဖြင့် ၆၈ဒသမ ၃၄ရာခိုင်နှုန်းဖြစ်သည်။

စတုတ္ထစပါးကျီ

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်ကို စတုတ္ထစပါးကျီအဖြစ် အသိအမှတ်ပြုထားကြသည်။ ကချင်ပြည်နယ် တနိုင်းမြို့နယ် အနေဖြင့် မိုးစပါးကို ၂၀၀၉-၂၀၁၀ခုနှစ်အတွက် စီမံကိန်းလျာထားချက်မှာ ၂၆၈၂၉ ဧက ဖြစ်ကြောင်း သိရသည်။

စားသုံးဆီ

စားသုံးသီးနှံအဖြစ် ပဲစင်းငုံ၊ ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းနှင့် ကြံတို့ကို သတ်မှတ်ချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့ပြီး ဆီထွက်သီးနှံအဖြစ် နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်း၊ မြေပဲတို့ကို ဧက ၅၉၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ဒေသအတွင်း စားသုံးဆီ ဖူလုံမှုမှာ ပိဿာချိန်အားဖြင့် ၂၄၉၃၂၀ ဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၂၄၃ဒသမ၃၃ ဖြစ်သည်။

ဆေးရုံ

ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ မြို့နယ်ခွဲ ဆေးရုံမှာ ရှင်ဗွေယန်တွင်တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတစ်ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနတစ်ခုတို့ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

တနိုင်းမြို့နယ်အတွင်း ကားလမ်းပိုင်းများကို စက်ယန္တရားများဖြင့် ပြုပြင်ပေးနေမှုကို ဤသို့တွေ့ရသည်။

ဘေးမဲ့တော

တနိုင်းမြို့နယ်၏ ထူးခြားမှုမှာ ဟူးကောင်းချိုင့်ဝှမ်းတွင်ရှိ၍ တောရိုင်းတိရစ္ဆာန်များအတွက် ဘေးမဲ့တောအဖြစ် သတ်မှတ်သည့်နေရာ၌ ရှိခြင်းဖြစ်သည်။ စတုရန်းမိုင် ၂၄၆၀ ကျယ်ဝန်းပြီး ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးကို ၂၀၀၃ ခုနှစ် ဇွန်လ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဟူးကောင်း ဘေးမဲ့တော၌ ကျားထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ထားပြီး သားငှက်တိရစ္ဆာန်နှင့် သစ်ခွပရဆေးပင်များကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကင်းလှည့်၍ နို့တိုက်သတ္တဝါ ကျက်စားမှုများကို ခြေရာကောက်ယူခြင်း နည်းလမ်းအသုံးပြုကာ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် (Camera Trap) တဝမ်ဧရိယာနှင့် နန်းယွန်းမြို့ဟောင်း တောင်ပိုင်းဧရိယာ၊ ငလတောင်ပိုင်းဧရိယာတို့တွင် လုပ်ငန်းပြုလုပ်ရာ တဝမ်ဧရိယာ၌ ကျားတို့၏ ခြေတတ်ပုံ၊ ပုံရိပ်များ ရရှိခဲ့ကြောင်း၊ ရေပျော်ငှက် ကျရောက်မှုကို ယခုနှစ် ပွင့်လင်းရာသီအတွင်း မျိုးစိတ် ၁၈၆ မျိုး ရရှိခဲ့ပြီး သစ်ခွ၁၀မျိုး၊ ပရဆေးပင် ၁၂မျိုး၊ ဝါးငါးမျိုးတို့ စုဆောင်းရရှိခဲ့ကြောင်း သိရသည်။

အကြီးဆုံး

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် အရှေ့တောင်အာရှတွင် အကြီးဆုံး ဘေးမဲ့တောဖြစ်ကြောင်း သိရှိခဲ့မှုကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါကြောင်း....။ ။

(မြန်မာ့အလင်း)

တနိုင်းမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ဤသို့တွေ့ရသည်။

တနိုင်းမြို့နယ်၏ ထူးခြားမှုမှာ ဟူးကောင်းချိုင့်ဝှမ်းတွင်ရှိ၍ တောရိုင်းတိရစ္ဆာန်များအတွက် ဘေးမဲ့တောအဖြစ် သတ်မှတ်သည့်နေရာ၌ ရှိခြင်းဖြစ်သည်။ စတုရန်းမိုင် ၂၄၆၀ ကျယ်ဝန်းပြီး ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးကို ၂၀၀၃ ခုနှစ် ဇွန်လ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အာကာသသုတ **အာကာသသုတ** **အာကာသသုတ** **အာကာသသုတ** **အာကာသသုတ**

နေ၏ စူးရှရောင်ခြည်တန်းများနှင့် ကမ္ဘာဂြိုဟ်

❖ မိုးမြင့်လင်းလက် ရေးသားသည် ❖

နေကနေပြီး စူးရှတဲ့ရောင်ခြည်တန်းတွေ ထွက်ပေါ်နေတာမို့ အဲဒီရောင်ခြည်တန်းတွေဟာ ကမ္ဘာဂြိုဟ်အပေါ် ရိုက်ခတ်မှုရှိ မရှိဆိုတာ လေ့လာရန် နာဆာက လေ့လာရေးယာဉ်စေလွှတ်ဖို့ စီစဉ်နေပြီ ဖြစ်ပါတယ်။

ထွက်ပေါ်

နေရဲ့အပူရှိန်ပြင်းထန်ပြီး ပေါက်ကွဲနေတဲ့မျက်နှာပြင်ကနေ ထွက်ပေါ်လာတဲ့ ထူးထူးခြားခြား ပြင်းထန်စူးရှတဲ့ ရောင်ခြည်တန်းတွေဟာ နေဝန်းကျင်တွေမှာ ပျံ့နှံ့ထွက်ပေါ်နေပါတယ်။ အဲဒီရောင်ခြည်တန်းတွေဟာ အနီးမှာရှိတဲ့ ဂြိုဟ်သိမ် ဂြိုဟ်မွှားတွေနဲ့ ကြယ်တာရာတွေအပေါ် ရောက်ရှိပြီး မုန်တိုင်းတွေ၊ အပူရှိန်မြင့်တက်မှုတွေ၊ ဂြိုဟ်မျက်နှာပြင်ရဲ့ ဘူမိအနေအထားပြောင်းလဲမှုနဲ့ ထူးခြားတဲ့ ဓာတုရောင်ခြည်ထွက်ရှိမှုစတာတွေ ဖြစ်ပေါ်စေတယ်လို့ ဆိုပါတယ်။

စေလွှတ်

ဒါကြောင့်မို့ နာဆာက နေနဲ့အနီးကပ်ဆုံးသွားရောက်နိုင်တဲ့ နေရာအထိ ရောက်အောင် လေ့လာရေးယာဉ်စေလွှတ်ပြီး လေ့လာသုတေသနပြုဖို့ စတင်တော့မှာဖြစ်ပါတယ်။ အဲဒီအစီအစဉ် အကောင်အထည်ဖော်ဖို့အတွက် နာဆာကအထူးစီမံကိန်း တစ်ရပ်ချမှတ်ပြီး ဆောင်ရွက်နေတာမို့ ခရီးစဉ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ။

တိုက်ရိုက်ပျံသန်း

အဲဒီ လေ့လာရေးယာဉ်ဟာ မော်တော်ကားငယ်အရွယ်အစားရှိပြီး နေဂြိုဟ်ရဲ့ အနီးကပ်ဆုံးသွားရောက်နိုင်မယ့်နေရာ၊ တစ်နည်းအားဖြင့် ကမ္ဘာဂြိုဟ်ကနေပြီး မိုင်လေးသန်းကျော် အကွာအဝေးအထိ တိုက်ရိုက်ပျံသန်းလေ့လာမှု ပြုလုပ်မှာဖြစ်ပါတယ်။ ဒီလိုလေ့လာတဲ့အခါမှာ တခြားဂြိုဟ်တွေရဲ့ဖြစ်ပျက်မှု၊ အာကာသရဲ့အခြေအနေ စတဲ့အရာတွေကို လေ့လာမှာ မဟုတ်ဘဲ နေကထွက်ပေါ်လာတဲ့ ထူးခြားစူးရှတဲ့ ရောင်ခြည်တန်းတွေကိုပဲ လေ့လာမှာဖြစ်ပါတယ်။

ချဉ်းကပ်မောင်းနှင်

အဲဒီလေ့လာရေးယာဉ်ဟာ နေကထွက်ပေါ်နေတဲ့ အပူရှိန်ရဲ့ ၁၄၀၀ ဒီဂရီ ဆဲစီးရပ်စ် အနေအထားအထိ ချဉ်းကပ်မောင်းနှင်ကာ လေ့လာမှုတွေပြုလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လေ့လာရေးယာဉ်ကိုယ်ထည်ကို ထူးခြားတဲ့ရောင်ခြည်တန်းတွေရဲ့ ထိခိုက်မှုက ကာကွယ်ပေးနိုင်အောင် တည်ဆောက်ထားပါတယ်။

အပူချိန်မြင့်တက်

နေဟာ အမြဲတမ်းမီးလောင်ပေါက်ကွဲနေပြီး အရှိန်ညီးညီး တောက်လောင်နေတာကြောင့် အနီးကပ်လေ့လာဖို့ဆိုတာမလွယ်ပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ငါးနှစ်တာ ကာလအတွင်းမှာ နေကထွက်ပေါ်လာတဲ့ ထူးခြားတဲ့ရောင်ခြည်တန်းတွေကြောင့် ကမ္ဘာဂြိုဟ်မှာ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေသလားဆိုတာ လေ့လာမှာ ဖြစ်ပါတယ်။

သံသယဖြစ်

ဒါ့အပြင် ကမ္ဘာဂြိုဟ်မှာ လွန်ခဲ့တဲ့ငါးနှစ်ကစပြီး အပူချိန်မြင့်တက်မှု၊ ပင်လယ်နဲ့ သမုဒ္ဒရာရေပြင်တွေ နိမ့်ကျလာမှု၊ သဘာဝဘေးအန္တရာယ်တွေ ထူပြောလာမှု၊ အပူလှိုင်း ကျရောက်လာမှုတွေဟာ ပိုမိုဖြစ်ပေါ်လာတာမို့ နေရဲ့ ထူးခြားတဲ့ ရောင်ခြည်တန်းတွေကြောင့်ဆိုတာ သံသယဖြစ်စရာကောင်းနေတယ်လို့ နာဆာအာကာသ သိပ္ပံပညာရှင်တွေက သုံးသပ်နေကြပါတယ်။



ဒါကြောင့်မို့ နေလေ့လာရေးယာဉ် စေလွှတ်မယ့်အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ပေါ်အောင် ကြိုးစားနေပြီဖြစ်ပါတယ်။ အဲဒီ လေ့လာရေးယာဉ်မှာ အပူချိန်တိုင်းတာရေးစနစ်၊ ရောင်ခြည်ဖြတ်သန်းမှု ဖော်ပြတဲ့ကိရိယာ၊ ရောင်ခြည်တန်းဖြတ်သန်းရာ နေရာအကွာအဝေးအလိုက် အပူချိန်ပြောင်းလဲမှု၊ ရောင်ခြည်တန်းများ ဖြတ်သန်းရာဝန်းကျင်မှာ ဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ အကျိုးသက်ရောက်မှုတွေကို စနစ်တကျ မှတ်တမ်းတင်ပြီး နာဆာမြေပြင်စခန်းကို ပြန်လည်ပေးပို့မှာဖြစ်ပါတယ်။ ဒါကြောင့် နေရဲ့ ထူးခြားတဲ့ စူးရှရောင်ခြည်တန်းတွေ ထွက်ပေါ်မှုဟာ ကမ္ဘာဂြိုဟ်အပေါ် ရိုက်ခတ်မှုနဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်ခြင်း ရှိမရှိဆိုတာ သိရှိရတော့မှာဖြစ်ပါကြောင်း....။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မီလီတိုနဲ့ ဥရောပအကောင်းဆုံး ဘောလုံးသမားဆု

မောင်မောင်မြင့်ဆွေ
ရေးသားသည်

မီလန် စက်တင်ဘာ ၆

၂၀၁၀-၂၀၁၁ ဘောလုံးရာသီအတွက် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုရရှိနိုင်တဲ့ ကစားသမားတွေထဲမှာ အင်တာမီလန် တိုက်စစ်မှူးမီလီတိုက ထူးထူးခြားခြား ရေပန်းစားနေတယ်လို့ ဥရောပဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတွေက ပြောကြားလိုက်ပါတယ်။

ထူးခြား

ဒီနှစ်ဘောလုံးရာသီမှာ ကမ္ဘာကျော် ဘောလုံးသမားတွေဖြစ်တဲ့ စီရိုနယ်ဒို၊ မက်ဆီ၊ ကာကာ၊ ရွန်နေနဲ့ တောရက်စ်တို့လိုကစားသမားတွေက နာမည်မထွက်ဘဲ အင်တာမီလန်တိုက်စစ်မှူး မီလီတို နာမည်ထွက်လာတာဟာ နည်းနည်းတော့ ထူးခြားနေပါတယ်။ မီလီတိုဟာ ပြီးခဲ့တဲ့နှစ်နဲ့ ရာသီအစပွဲစဉ်တွေမှာ ခြေစွမ်းပြနိုင်ခဲ့တာမို့ အခုလို ရေပန်းစားနေတာလားဆိုတာကိုလည်း သုံးသပ်နေကြပါတယ်။

ကောက်ကြောင်း

တကယ်တော့ မီလီတိုဟာ အသက် ၃၁နှစ်ရှိပြီဖြစ်ပြီး အာဂျင်တီးနားနိုင်ငံ ဗြူနိုအေရီမြို့သားဖြစ်ပါတယ်။ ၂၀၀၅ခုနှစ်မှာ ရီရဲဇာရာဂိုဇာ အသင်းမှာကစားခဲ့ပြီး ၂၀၀၇-၂၀၀၈အထိ ကစားခဲ့ကာ ဂိုးပေါင်း ၅၃ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့သူပါပဲ။ အဲဒီနောက် ၂၀၀၈-၂၀၀၉ဘောလုံးရာသီမှာ ဂျီနိုအာအသင်းကို ပြောင်းရွှေ့ခဲ့ပြီး တစ်ရာသီမှာပဲ ဂိုးပေါင်း ၂၆ဂိုး သွင်းယူပေးခဲ့ပါတယ်။

မီလီတိုရဲ့ခြေစွမ်းကို သဘောကျပြီး အင်တာမီလန်က ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှာ ခေါ်ယူခဲ့လို့ မီလီတိုဟာ အင်တာမီလန်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်ကို ရောက်တဲ့နှစ်မှာပဲ စီးရီးအေပွဲစဉ်တွေမှာ ၃၃ပွဲ ပါဝင်ကစားခဲ့ပြီး ၂၂ဂိုး

ဥရောပအကောင်းဆုံး ဘောလုံးသမားဆု မျှော်မှန်းထားသည့် မီလီတို ။

သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကိုပါအီတာလီယာ၊ ချန်ပီယံလိဂ်စတဲ့ပြိုင်ပွဲတွေမှာလည်း ဂိုးတွေသွင်းပေးနိုင်ခဲ့လို့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အင်တာမီလန်အတွက် စုစုပေါင်း ၃၂ဂိုးသွင်းပေးနိုင်ခဲ့တဲ့သူပါပဲ။

ဒီနှစ်ဘောလုံးရာသီမှာ စီးရီးအေရဲ့ ဂိုးအများဆုံးသွင်းနိုင်သူအဖြစ် ကြိုးစားမယ်လို့ မီလီတိုက ကြုံးဝါးထားပါတယ်။ မော်ရင်ဟိုဟာ အင်တာမီလန်ကို ကိုင်တွယ်ခဲ့တဲ့နှစ်မှာ မီလီတို့ရဲ့ ခြေစွမ်းကိုသဘောကျလို့ ပွဲတိုင်းနီးပါးထည့်သွင်းကစားစေခဲ့ပြီး အင်တာမီလန်အသင်း နိုင်ပွဲတွေရအောင် ဖန်တီးရယူခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ပြောကြား

ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့သွားပေမယ့် မော်ရင်ဟိုဟာ မီလီတိုရဲ့ ခြေစွမ်းကိုသဘောကျခဲ့ပါတယ် ဥရောပအသင်းတွေမှာတော့ ထိပ်တန်းကစားသမား တစ်ဦးဖြစ်ပြီး ဥရောပအကောင်းဆုံးဘောလုံးသမားဆုကို မှန်းနိုင်သူတစ်ဦး ဖြစ်တယ်လို့ သူ့ရဲ့ထင်ကြေးကို ပြောကြားခဲ့ပါတယ်။ တကယ်တော့ မီလီတိုဟာ အသက် ၃၁နှစ်ရှိပြီဖြစ်တာမို့ သူ့ရဲ့အကောင်းဆုံးခြေစွမ်းတွေဟာ ကျဆင်းစပြုနေပြီလို့လည်း ဝေဖန်ထောက်ပြမှုတွေရှိနေပါတယ်။

မီလီတိုဟာ ဂိုးသွင်းအဆုံးသတ်သေချာပြီး ကစားဖော်တွေကိုလည်း ဂိုးသွင်းနိုင်အောင် ဖန်တီးပေးတတ်တဲ့ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။ တစ်ကိုယ်ကောင်းမဆန်တဲ့ စိတ်ဓာတ်၊ ဂိုးသွင်းသေချာတဲ့ခြေစွမ်း၊ ကြိုးစားအားထုတ်မှုကောင်းတဲ့ မီလီတိုဟာ ဒီနှစ်ဘောလုံးရာသီမှာ ဥရောပအကောင်းဆုံးဘောလုံးသမားဖြစ်မဖြစ်ဆိုတာ စောင့်မျှော်ကြည့်ရှုရမှာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ကောင်းမြတ်သူ ➢ စုစည်းသည်

အင်္ဂလန်တိုက်စစ်မှူးရွန်နေ ဆွစ်ဇာလန်နှင့်ပွဲတွင် ပါဝင်ကစားနိုင်မည်

လန်ဒန် စက်တင်ဘာ ၆

အင်္ဂလန်တိုက်စစ်မှူး ရွန်နေသည် ဆွစ်ဇာလန်အသင်းနှင့်ကစားမည့် ယူရို ၂၀၁၂ ခြေစစ်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း နည်းပြ ကာပယ်လိုက ပြောကြားသည်။

ပြောကြား

ရွန်နေသည် ကိုယ်ရေးကိုယ်တာကိစ္စကြုံနေရသဖြင့် ဆွစ်ဇာလန်အသင်းနှင့်ကစားမည့် ခြေစစ်ပွဲတွင် ပါဝင်နိုင်ခြေမရှိကြောင်း နယူးဝါးနှင့် ဆန်းဒေးမေရာသတင်းစာများက ရေးသားဖော်ပြသည်။ သို့သော် ၎င်းသည် ခြေစစ်ပွဲများအတွက် မဖြစ်မနေ ကစားလိမ့်မည်ဟု ကာပယ်လိုက ပြောကြားသည်။

တိုက်စစ်မှူးရွန်နေသည် အင်္ဂလန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ ကစားခဲ့သည့် ခြေစစ်ပွဲတွင် ကိုယ်တိုင်ဂိုးမသွင်းနိုင်သော်လည်း ဂိုးသွင်းနိုင်ရန် ဖန်တီးပေးနိုင်ခဲ့သည်။ အသက် ၂၄နှစ်ရှိ မန်ယူတိုက်စစ်မှူးရွန်နေသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၃) ဝက်စ်ဟမ်းအသင်းနှင့်ကစားရာတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ငါးလကြာ ဂိုးမိုးခေါင်မှု အဆုံးသတ်ခဲ့သည်။ **(အင်တာနက်)**

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲယားကွာတားတက်ရောက်

နယူးယောက် စက်တင်ဘာ ၆



ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၁၂ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ယူအက်စ်အိုးပင်းချန်ပီယံ ငါးကြိမ်ဆွတ်ခူးနိုင်ခဲ့သည့် ဆွတ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားက ပြင်သစ်တင်းနစ်ကစားသမား ပေါလ်ဟင်နရီမက်သရူးအား ၆-၄၊ ၆-၃၊ ၆-၃ဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ကြိုးစား

ဆားဘီးယားမှ နိုဗက်ဒီဂျိုကိုဗစ်ကလည်း ဂျိမ်းဘလိတ်ကို အနိုင်ရပြီး နောက်ဆုံးရှစ်ဦးပြိုင်ပွဲသို့တက်ရောက်လာသည်။မိမိအနေဖြင့် ပြိုင်ပွဲတွင်ခက်ခဲစွာ ကစားရသော်လည်း အကောင်းဆုံးယှဉ်ပြိုင်ပြီး နောက်ဆုံးဗိုလ်လုပွဲအထိရောက်ရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ကမ္ဘာ့နံပါတ် (၂)တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားက ပြောကြားသည်။ **(အင်တာနက်)**

လန်ဒန် စက်တင်ဘာ ၆

ဂျိုးဟတ်သည် လာမည့် ၁၀နှစ်တာကာလအတွင်း အင်္ဂလန်ဂိုးသမားအဖြစ် ဆက်လက်တည်မြဲနေလိမ့်မည်ဖြစ်ကြောင်း နည်းပြကာပယ်လိုက ပြောကြားသည်။

မန်စီးတီးကစားသမား ဂျိုးဟတ် အင်္ဂလန်အသင်း၏ အဓိကဂိုးသမားဖြစ်လာ

အင်္ဂလန်ဂိုးသမား ဂျိုးဟတ်သည် ပြီးခဲ့သည့် ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် ဘူလ်ဂေးရီးယားအသင်းနှင့် ကစားရာတွင် အပိုင်ကန်သွင်းဘောများ ထိထိမိမိ လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သူဖြစ်သည်။

ဂျိုးဟတ်သည် အင်္ဂလန်အသင်း လက်ရွေးစင်ဖြစ်သကဲ့သို့ မန်စီးတီးအသင်း၏ အဓိက ဂိုးသမားလည်းဖြစ်သည်။ မန်စီးတီးအသင်းတွင် ယခုနှစ်ပရီမီယာလိဂ် အစမှ ပါဝင်ကစားခဲ့သူဖြစ်သည်။ အင်္ဂလန်နည်းပြ ကာပယ်လိုက အင်္ဂလန်ဂိုးသမားများအဖြစ် ရောဘတ်ဂရင်း၊ ဒေးဗစ်ဂျိမ်းတို့ကိုလည်း ရွေးချယ်ထားသည်။ သို့သော် ဂျိုးဟတ်သည် အင်္ဂလန်အသင်း၏ ပထမဆုံးပွဲထွက်ကစားသမား ဖြစ်လာနိုင်ဖွယ်ရှိသည်။ **(အင်တာနက်)**

စပါးနောက်တန်းလူ ဒေါ်လ်ဆင် ခြောက်ပတ်ကြာအနားယူရမည်

လန်ဒန် စက်တင်ဘာ ၆

စပါးနောက်တန်းကစားသမားဒေါ်လ်ဆင်သည် အင်္ဂလန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ စက်တင်ဘာ ၃ရက်က ယူရို ၂၀၁၂ ခြေစစ်ပွဲကစားစဉ် ဒူးခေါင်းအရွတ် အနာတရဖြစ်ခဲ့သဖြင့် အနည်းဆုံးခြောက်ပတ်ကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။ ဒေါ်လ်ဆင်သည် အင်္ဂလန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ကစားသည့်ပွဲတွင် အင်္ဂလန်အသင်းမှ ပထမပွဲထွက်ကစားသမားအဖြစ် ကစားခဲ့သည်။ သို့သော် ၎င်းသည် ဒုတိယပိုင်းပြန်စပြီးမကြာမီ ထမ်းစင်ဖြင့် ကွင်းထဲမှထွက်သွားရသည်။ ဒေါ်လ်ဆင်သည် ၎င်းဒဏ်ရာကြောင့် ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲသုံးပွဲနှင့်လည်း လွဲချော်လိမ့်မည်ဖြစ်ကြောင်း တော့တင်ဟမ်ဟော့စပါး နည်းပြ ဟာရီရက်နက်က ပြောကြားသည်။ **(အင်တာနက်)**

ယူရိုခြေစစ်ပွဲတွင် စပါးနောက်တန်းလူ ဒေါ်လ်ဆင်(ဝဲ) ၏ ယှဉ်ပြိုင်ကစားမှုကို ဤသို့ တွေ့ရသည်။

ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက် ဂျာမနီအသင်းခေါင်းဆောင် ပြန်ဖြစ်လာမှာလား

မြင့်မောင်စိုး - စုစည်းသည်

မြူးနစ် စက်တင်ဘာ ၆

ဂျာမနီဘောလုံးအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်ဟာ ၂၀၁၂ ယူရို ခြေစစ်ပွဲ အဖွင့်ပွဲစဉ်မှာ မပါဝင်နိုင်ခဲ့ပေမယ့် ဂျာမနီအသင်းနဲ့အတူ နိုင်ငံ့လက်ရွေးစင် ဘောလုံးသမားအဖြစ် ဆက်လက်ကစားဖို့ အစီအစဉ်တွေ အများကြီးရှိပါတယ်လို့ ဂျာမနီအသင်း နည်းပြ ဂျိုအာချင်လိုက ပြောကြားလိုက်ပါတယ်။

အသက်၃၃နှစ် အရွယ်ရှိပြီဖြစ်တဲ့ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်ဟာ စက်တင်ဘာ ၃ရက်က ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တဲ့ပွဲမှာ မပါဝင်ခဲ့ပါဘူး။ မိုက်ကယ်ဘောလက်ဟာ ဘယ်လ်ဂျီယံနိုင်ငံဘရပ်ဆဲလ်မြို့၌ သွားကစားတဲ့ ပြိုင်ပွဲမှာ မပါဝင်ခဲ့ပေမယ့် ဂျာမနီနိုင်ငံ ကိုလုံမြို့မှာ ကစားမယ့်ပွဲမှာတော့ ဘေးထွက်ထိုင်တဲ့ အလုပ်ကို လုပ်မှာမဟုတ်ဘူးလို့ နည်းပြဂျိုအာချင်လိုက ဆိုပါတယ်။

*အခုဆိုရင် မိုက်ကယ်ဘောလက်ဟာ စက်တင်ဘာ ၇ရက်**(ယနေ့)**မှာ အဇာဘိုင်ဂျန်အသင်းကို လက်ခံကစားဖို့ ပြင်ဆင်လေ့ကျင့်ရေးတွေ ပြုလုပ်နေပါတယ်လို့ဆိုပါတယ်။*

ပြီးခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းကို နိုင်ခဲ့တဲ့ပွဲမှာတော့ မိုက်ကယ်ဘောလက်ရဲ့ ကွင်းလယ်ကစားသမားတာဝန်ကို ရီရဲမက်ဒရစ်က ဆာမီခီဒီယာက ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။ နည်းပြဂျိုအာချင်လိုကတော့ မိုက်ကယ်ဘောလက်ဟာ သူ့ရဲ့အစီအစဉ်တွေထဲမှာရှိနေဆဲဖြစ်တယ်လို့ဆိုပါတယ်။

ကျွန်တော့်အနေနဲ့ ဒီဂျာမနီအသင်းဟာ မိုက်ကယ်ဘောလက်အပါအဝင် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ ဆက်လက်အောင်ပွဲခံလိမ့်ဦးမယ်လို့ မျှော်လင့်ထားပါတယ်လို့ နည်းပြ ဂျိုအာချင်လိုက ဆိုပါတယ်။

လေဗာကူဆင်ကစားသမား မိုက်ကယ်ဘောလက်ဟာ ဖီးလစ်လမ်းထံမှ အသင်းခေါင်းဆောင်ရာထူးကို လွှဲပြောင်းယူလိမ့်မယ်လို့လည်း နည်းပြဂျိုအာချင်လိုက အတိအလင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ ဂျာမနီအသင်းဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ မထင်မှတ်လောက်အောင် ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ ဆာမီခီဒီယာနဲ့ ရှဝိန့်စတိုက်ဂါတို့ဟာ အသင်းရဲ့အောင်မြင်ရေးအတွက် အဓိက ခြေစွမ်းပြကစားနိုင်ခဲ့တယ်လို့ နည်းပြဂျိုအာချင်လိုက ဆက်လက်ပြောကြားခဲ့ပါတယ်။

ဒါပေမယ့်လည်း မိုက်ကယ်ဘောလက်ဟာ ဂျာမနီအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေသင့်ပါတယ်လို့ ဆိုပါတယ်။ မိုက်ကယ်ဘောလက်ဟာ အောက်တိုဘာလမှာ ဂျာမနီအသင်းနဲ့ ကစားမယ့် တူရကီ၊ ကာဇက်စတန်တို့ရဲ့ ပွဲတွေမှာ ပါဝင်မည်၊ မပါဝင်မည်ကိုတော့ နည်းပြက ငြင်းဆိုထားပါတယ်။ ဒီကိစ္စဟာ ပြောဖို့အချိန်စော သေးတယ်လို့ ဆိုပါတယ်။

ကလိုဆေး

*တိုက်စစ်မှူး ကလိုဆေးကလည်း **(ယနေ့)** အဇာဘိုင်ဂျန်နဲ့ ကစားမယ့်ပွဲမှာ ကမ္ဘာ့ဖလားပြိုင်ပွဲထက် ပိုပြီးခြေစွမ်းပြ ကစားလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်လို့ ဆိုပါတယ်။ အဇာဘိုင်ဂျန်အသင်းဟာ အာဂျင်တီးနားနဲ့ အင်္ဂလန်အသင်းတွေထက် ကစားရခက်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် အနိုင်ကစားဖို့ သန္နိဋ္ဌာန်ချထားပါတယ်လို့ အသက် ၃၂နှစ်ရှိတဲ့ တိုက်စစ်မှူး ကလိုဆေးက ပြောကြားသည်။*

ကလိုဆေးဟာ စက်တင်ဘာ ၃ရက်က ဘယ်လ်ဂျီယံအသင်းနဲ့ ကစားတဲ့ပွဲမှာ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီဂိုးဟာ သူ့ရဲ့ပွဲပေါင်း ၁၀၂ပွဲကစားရာမှာ ၅၃ဂိုးမြောက် သွင်းယူခဲ့တဲ့ ဂိုးဖြစ်ပါတယ်။

အဇာဘိုင်ဂျန်အသင်းဟာ ဘယ်လ်ဂျီယံအသင်းထက် ခြေစွမ်းသာပါတယ်။ ဂျာမနီတို့အနေနဲ့ ဒီပွဲမှာ အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့်ပွဲ ဖြစ်ပါတယ်။

ယနေ့ စက်တင်ဘာ ၇ရက်မှာ ယူရို ၂၀၁၂ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ကစားမယ့် အသင်းတွေကတော့-

တူရကီ	-	ဘယ်လ်ဂျီယံ (အုပ်စု- A)
ဩစတြီးယား	-	ကာဇက်စတန် (အုပ်စု- A)
ဂျာမနီ	-	အဇာဘိုင်ဂျန် (အုပ်စု- A)
ရုရှား	-	ဆလိုဗက်ကီးယား(အုပ်စု-B)
မက်စီဒိုးနီးယား	-	အာမေးနီးယား (အုပ်စု- B)
အိုင်ယာလန်	-	အင်ဒိုရာ (အုပ်စု- B)
ဆားဘီးယား	-	ဆလိုဗေးနီးယား (အုပ်စု- C)
အီတလီ	-	ဖာရိုကျွန်းစု(အုပ်စု-C)
ဘီလာရုစ်	-	ရိုမေးနီးယား (အုပ်စု-D)
အယ်လ်ဘေးနီးယား	-	လူဇင်ဘတ် (အုပ်စု- D)
ဘော့စနီးယား	-	ပြင်သစ် (အုပ်စု- D)
ဆွီဒင်	-	ဆန်မာရီနို (အုပ်စု-E)
ဟန်ဂေရီ	-	မော်ဒိုဗာ(အုပ်စု- E)
နယ်သာလန်	-	ဖင်လန် (အုပ်စု-E)
ဂျော်ဂျီယာ	-	အစ္စရေး(အုပ်စု-F)
မော်လ်တာ	-	လတ်ဗီးယား (အုပ်စု-F)
ခရိုအေးရှား	-	ဂရိ (အုပ်စု- F)
ဘူလ်ဂေးရီးယား	-	မွန်တီနီဂရိုး (အုပ်စု- G)
ဆွစ်ဇာလန်	-	ပြင်သစ် (အုပ်စု- G)
ဒိန်းမတ်	-	အိုက်စလန် (အုပ်စု- H)
နော်ဝေး	-	ပေါ်တူဂီ (အုပ်စု- H)
ချက်	-	လစ်သူယေးနီးယား (အုပ်စု- I)
စကော့တလန်	-	လက်ချင်စတိန်း (အုပ်စု- I)

(အင်တာနက်)

မန္တလေးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၃၁ရက် နံနက်ပိုင်းက မန္တလေးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မြောင်းများဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုက်ပျိုးပေး

ဆက်လက်၍ မြို့တော်ဝန်သည် ပြည်ကြီးတံခွန်မြို့နယ်၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ခရေပင်ကို စိုက်ပျိုးပေးသည်။ ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်လမ်းဆုံ တြိဂံပန်းခံ မြေခင်း အလှဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ ဇူလိုင် ၆ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးထွန်း တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်း

သီပေါ စက်တင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် သီပေါမြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး အဖွဲ့ဝင်များ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက် မွန်းလွဲ ၁နာရီက သီပေါမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်နယ်အဖွဲ့ခွဲအဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်က အမှာစကားပြောကြားပြီး သီပေါမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးလှမင်းထွန်း၊ အဖွဲ့ဝင်များဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြင့်အောင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းတို့က ဆန္ဒမဲပေးပိုင်ခွင့်ရှိလူဦးရေ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မဲရုံတည်ဆောက်မည့်နေရာနှင့် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မဲရုံလုပ်ငန်းသရုပ်ပြသခြင်းကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

(၀၂၀)

ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော

မြစ်ငယ် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ် အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကွင်းပြင်၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက မြို့နယ်ပြည်သူ့ကျန်းမာရေး ဆောင်ရွက်မှုဆိုင်ရာ ပူးပေါင်းမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ပညာပေးဟောပြော

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဆရာဝန်ကြီး ဒေါက်တာဘုန်းနိုင်က ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစီမံချက်များနှင့် သွေးလွန်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကာကွယ်ရန် နည်းလမ်းများကိုလည်းကောင်း၊ **(အပေါ်ပုံ)** နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန် ဒေါက်တာခိုင်ဝင်းက HIV/ AIDS ရောဂါအကြောင်း သိကောင်း စရာများကိုလည်းကောင်း၊ ကျန်းမာရေးမှူး ဦးတင်မြင့်က ပလိပ်ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို လည်းကောင်း ပညာပေးဟောပြောကြသည်။ **(၀၈၀)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းလုပ်ငန်း ဖြစ်သော ဟောင်လိတ်အုပ်စု ပါလျံ (၃) ရပ်ကွက် ကံ့ကော်လမ်းကတ္တရာ ခင်းခြင်းလုပ်ငန်းကို အင်ဂျင်နီယာမှူး ဦးစိုင်းလော်ခမ်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁ရက်က အမှုဆောင်အရာရှိဦးကျော်သူ ကွင်းဆင်းကြီးကြပ်စဉ်။ (၀၁၆)

မွေးဖွားနှုန်းမြှင့်တင်ရေးအသိပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကျွမ်းကျင်သူနှင့်မွေးဖွားနှုန်းမြှင့်တင်ရေး အသိပေးဆွေးနွေးခြင်းနှင့် မြို့နယ်အဆင့်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက ကျန်းမာသောသားသမီး ရတနာများ မွေးဖွားရန် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့်မွေးဖွားပြီးကာလတို့တွင် စနစ်တကျစောင့်ရှောက်မှုမပေးပါက မိခင်နှင့်ကလေး အတွက်ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို ပရိုဂျက်တာဖြင့် ထိုးပြပြီး ကျွမ်းကျင်သူနှင့်မွေးဖွားနှုန်းမြှင့်တင်ရေးကို အသိပေးဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** (၀၉၁)



ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး

မိတ္ထီလာ၌ ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ စက်တင်ဘာ ၃

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးအတွက် ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်၊ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဇော်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၂၄ရက် နံနက် ၈နာရီက ရေဝေကျေးရွာ၊ တဲကြီးကုန်းကျေးရွာ၊ နတ်ကြီးကုန်းကျေးရွာနှင့် ရွာသစ်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ပေးအပ်လှူဒါန်း

ထိုသို့ ဆောင်ရွက်ရာတွင် တဲကြီးကုန်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ အုပ်၁၀၀နှင့် နတ်ကြီးကုန်းကျေးရွာ အလင်းတန်းစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ အုပ်၁၀၀ကို ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး **(အောက်ပုံ)** တဲကြီးကုန်းကျေးရွာ စာကြည့်တိုက်အတွက် သတင်းစာ တစ်နှစ်စာ ငွေကျပ် ၂၄၀၀၀ နှင့် ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာငွေကျပ် ၄၈၀၀ကို အလှူရှင် ဦးမျိုးအောင်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေလှောင်ကန် တည်ဆောက်ရန် ပစ္စည်းများစုဆောင်း

ဖလမ်း ဩဂုတ် ၂၅

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးရွာ ရေရရှိရေးနှင့် ရေလှောင်ကန်တည်ဆောက်ရန် ပစ္စည်းစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးလလ်ဟုပ်ထန်းက ဩဂုတ်၂၃ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်ဆိုင်ရာ ကျုံ့ဒိုးအထက၌ ပညာပေးဟောပြော

ကော့ကရိတ် စက်တင်ဘာ ၂

ကော့ကရိတ်မြို့နယ် ကျုံ့ဒိုး အထက၌ မူးယစ်ဆေးဝါး၊ ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၆ရက်က ကျင်းပရာ မြို့နယ်တရားသူကြီး ဦးမောင်လွင်က မူးယစ်ဆေးဝါး၊ ယာဉ်အန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ ဥပဒေများအကြောင်း သိကောင်းစရာများကို လည်းကောင်း **(အပေါ်ပုံ)**၊ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးဝင်းက မူးယစ်ဆေးဝါးနှင့်မူးယစ်ဆေးဝါး အန္တရာယ်ကို လည်းကောင်း၊ ကျုံ့ဒိုး တိုက်နယ်ဆေးရုံမှ ဒေါက်တာစောဝင်းအောင်က ကျောင်းသားနှင့် ကျန်းမာရေးကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်သောင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

UK Engineering Diploma

1. Applied Electrical
2. Applied Electronic
3. Construction (Civil)
4. Applied Mechanical
5. Applied Mechanical & Electrical
6. Refrigeration & Air Conditioning

Discount 27%

GOLDEN CROWN Ph: 01-73056600, 391476

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈စီ^၁၊ မြေကွက်အမှတ် ၁၁၅၊ မြေကွက်တည်နေရာ အမှတ်၁၅၊ အင်ပူလမ်း၊ စမ်းချောင်းမြို့နယ် မတူးအမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တူး(အပို့ကြီးဘ၀)ဖြင့်ကွယ်လွန်ပြီး ဒေါ်တူး၏ တစ်ဦးတည်းသော မွေးချင်းညီအစ်မ ဒေါ်ခင်ညွန့်နှင့် ခင်ပွန်းဦးမောင်ဆိုင်တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးသန်း ၁၂/စခန(နိုင်)၀၁၅၃၈၆နှင့် (၂)ဒေါ်ခင်ခင်စီ ၁၂/စခန(နိုင်)၀၁၅၃၈၇တို့က တူမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကျောက်မဲခရိုင်နယ်တရားမရုံး၌
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်မတုတ်	**နှင့်**	၁။ ဦးတင်မောင်	၂။ မဝင်းဝင်း
		၃။ ဦးကျော်လွင်(ခ)ဦးတင်ရွှေ	၄။ ဒေါ်ဝင်းရီ(ခ)လှလှဝင်း
		၅။ ငြိမ်းချမ်း	၆။ မကေဇင်ဝင်း
တရားလို			**တရားပြိုင်များ**

သီပေါမြို့၊ နယ်မြေ(၈)၊ တောင်မြို့ရပ်ကွက်နေ မကေဇင်ဝင်း(အဖ)ဦးညွှန့်ဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်မတုတ်က ၁-၂-၂၀၁၀ရက်စွဲပါ သီပေါမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ပေးကမ်းစာချုပ်အမှတ်(၉/၂၀၁၀)သည် ပျက်ပြယ်ကြောင်း ကြေညာ၍ ဖျက်သိမ်းပေးပြီးနောက် ယင်းစာချုပ်ပါအချင်းဖြစ် အိမ်မြေအမွေပုံပစ္စည်းစီမံခန့်ခွဲ ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၀ ရက် (၁၃၇၂ခုနှစ် တော်သလင်းလဆန်း ၂ရက်) မွန်းမတည့်မီ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဩဂုတ် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်စိုးယု (တ/၁၇၄၆)
ဒုတိယခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅E^၇၊ မြေကွက်အမှတ် IV ၁၇၊ မြေကွက်တည်နေရာ အမှတ် ၅၃၆၊ အလုံကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်ခင်ညွန့်၊ ဒေါ်တူးအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်ညွန့်၊ ခင်ပွန်း ဦးမောင်ဆိုင်၊ ဒေါ်တူး(အပို့ကြီးဘ၀)ကွယ်လွန်သဖြင့် ဒေါ်အေးအေးသန်း ၁၂/စခန(နိုင်)၀၁၅၃၈၆၊ ဒေါ်ခင်ခင်စီ ၁၂/စခန(နိုင်)၀၁၅၃၈၇တို့က သမီးနှင့်တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သင့်သွေးဖြင့် အသက်ကယ်ပါ

စဉ့်ကူးမြို့အမှတ်(၂)ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးဖွင့်လှစ်

စဉ့်ကူး စက်တင်ဘာ ၁

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့ အမှတ် (၂)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ဇူလိုင် ၃ရက် နံနက် ၈နာရီက အဆိုပါရုံးရှေ့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စုပေါင်းတင်ပေး

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းသန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်သိန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဆိုင်းဘုတ်ကို စုပေါင်းတင်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၁

မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြင်ဦးလွင်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်နိုင်အောင်မိုးက **(အောက်ပုံ)** ရပ်ကွက်နယ်မြေများအတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဖြစ်လေ့ဖြစ်ထရှိသော လုယက်ဖြစ်ပွားမှုအခြေအနေများနှင့် ဒုတိယရဲအုပ် သောင်းထွန်းက ခိုးမှု၊ လိမ်လည်မှုဖြစ်ပွားခဲ့သည့် အတွေ့အကြုံများနှင့် ခိုးမှုဖြစ်ပွားရခြင်းအကြောင်း ပညာပေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်တိုးက ဒုစရိုက်သမားများအတွက် နေရာမရှိစေရေးတို့ကို ရဲတပ်ဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်ကြရန် ဟောပြောခဲ့ကြောင်းသိရသည်။ **(၀၈၈)**

ကတ္တရာလမ်းခင်း

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အလုပ်ရုံသွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၃၁ရက်က အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဖွိုင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

စာအုပ်လှူဒါန်းပွဲ ရွှေဘိုအထက(၂)၌ကျင်းပ

ရွှေဘို စက်တင်ဘာ ၃

စာကြည့်တိုက်အတွက် သုတ ရသစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၁၀နာရီက ရွှေဘိုမြို့ အထက(၂)ရွှေရတုခန်းမ၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးလှဦးက အမှာစကားပြောကြားပြီး အလှူရှင် ဦးအောင်မြင့်ဦးက စာအုပ်များလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌက ရွှေဘိုမြို့နယ်အတွင်းရှိ ကျောင်းများအတွက် ဂုဏ်ထူးလက်ဆောင် ဘာသာစုံစာအုပ်များပေးအပ်ရာ ကျောင်းအုပ်ကြီးများကိုယ်စား အထက(၂)ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းကလည်းကောင်း၊ ရန်ကုန်မြို့မှ အလှူရှင် ဦးအောင်မြင့်ဦး - ဒေါ်ယဉ်နုမိသားစု **(အောက်ပုံ)** (သိန်းသန်းဦးပုံနှိပ်တိုက်)နှင့် ဦးညွန့်ဦး - ဒေါ်ခင်ဝင်း (စန္ဒာညွန့်စာပေတိုက်)တို့က ဒေသခံတပ်နယ် မူလတန်းကျောင်းသို့ စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း၊ ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်အတွက် သုတ ရသစာအုပ် ၈၀၀နှင့် ဗီရိုတစ်လုံး ပေးအပ်လှူဒါန်းရာ ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်ကလည်းကောင်း လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းဆုံ၌ စာကြည့်တိုက်ပဒေသာပင်နှင့် စာပေရန်ပုံငွေ လှူဒါန်းပွဲကျင်းပ

ချောင်းဆုံ စက်တင်ဘာ ၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကဗျာစာဆို မင်းမောင်နွယ်(မွန်ဌာနီ)က စာကြည့်တိုက်ပဒေသာပင်နှင့် စာပေရန်ပုံငွေ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးမြင့်က အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးက ဂုဏ်ပြုစကားကိုလည်းကောင်း၊ မင်းမောင်နွယ်(မွန်ဌာနီ)က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်းနှင့် မြို့နယ်စာနယ်ဇင်း၊ ဆေးရုံ၊ ပညာ့ရိပ်မွန်စာကြည့်တိုက်၊ ကျောင်းများအတွက် အလှူငွေကျပ် ၂၈၅၀၀၀ စုစုပေါင်း ၃၀၅၀၀၀၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့နယ် ညောင်တုန်းလေးကျေးရွာရှိ မြေသားရေလှောင်ကန်များ၏ ရေဝင်ရောက်မှု အခြေအနေကို ဩဂုတ် ၁၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှ ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တနိုင်းမြို့အဝင် အလှကို ဤသို့ တွေ့ရသည်။

ဟူးကောင်းလွင်ပြင်ဒေသ တနိုင်းမြို့နယ်သို့ တစ်ခါတစ်ခေါက် ရောက်ခဲ့သည်

➤ သတင်းခရီးသည် - သတင်းထောက်ထွန်းဇော်(စမ်းချောင်း) ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်မြင့်အောင်(အလုံ)

မြစ်ကြီးနား စက်တင်ဘာ ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ သတင်းခရီးသည်တို့ စက်တင်ဘာ ၄ရက် နံနက်ပိုင်း နေနုနု၊ လေနုနုအချိန်တွင် တနိုင်းမြို့နယ်သို့ ထွက်ခွာခဲ့ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက(၃) ဗန္ဓုလခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစောလွင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မြင့်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

ဝါခေါင်မိုး ၆-၉-၂၀၁၀

ဘားအံမြို့	၃ ဒသမ ၅၀ လက်မ
ဘီးလင်းမြို့	၃ ဒသမ ၂၃ လက်မ
ဒွမြို့	၂ ဒသမ ၆၄ လက်မ
ကျိုက်မရောမြို့	၂ ဒသမ ၄၃ လက်မ
ကိုကိုးကျွန်းမြို့	၂ ဒသမ ၃၆ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၂၅ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၁၃ လက်မ